**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်း သည်ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၉)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



## သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက် ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့် ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လို

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားရှိမှုများနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၅ ရက်)

# ပိုမိုကောင်းမွန်သော နိုင်ငံတော်၏အနာဂတ်ဆီသို့

လူတိုင်းသည် မနက်ဖြန်အတွက် အကောင်းဆုံးမျှော်လင့်ချက်များကို မျှော်လင့်ရင်းဖြင့် လူမှုစီးပွားဘဝများကို ရှင်သန်နေခြင်းဖြစ်သည်။ အတိတ်ကာလကို သင်ခန်းစာယူကာ ပစ္စုပ္ပန်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပစ္စုပ္ပန်တွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားထားနိုင်မှ အနာဂတ်တွင် ကောင်းကျိုးရလဒ်များထွက်ပေါ်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏အနာဂတ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေးအတွက် ပစ္စုပ္ပန်သည် အဓိကဖြစ်သည်။ နိုင်ငံ၏အနာဂတ်ကောင်းမွန်ရေးအတွက် တပ်မတော်သည်လည်း ကိုယ်ကျိုးမဖက် အများအကျိုးသယ်ပိုးဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်၏အနာဂတ်ကို လှပစွာပုံဖော်တည်ဆောက်နိုင်ရေးအတွက် အတိတ်က နယ်ချဲ့ကိုလိုနီလက်အောက်မှလွတ်မြောက်ရန် ကြိုးပမ်းခဲ့ရသလို ဖက်ဆစ်လက်အောက်မှလွတ်မြောက်နိုင်ရန်အတွက်လည်း ကြိုးပမ်းခဲ့ရသည်။ နောက်ဆုံးတွင် နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာလည်း တပ်မတော်၏အခန်းကဏ္ဍသည် နိုင်ငံတော်တွင်အဓိကနေရာတွင်ပါဝင်ခဲ့သည်။ မြန်မာ့သမိုင်းဖြစ်စဉ်များကိုစေ့စေ့စပ်စပ်လေ့လာမည်ဆိုပါက ရရှိထားသော လွတ်လပ်ရေးပြန်လည်မဆုံးရှုံးခဲ့သည်မှာလည်း တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂ ရက်နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်စစ်ဆေးပြီး တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ်တိုးတက်မှုရှိစေရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့်တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်သည်။ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်မှပေးအပ်သည့်တာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်လျက်ရှိကြသည်။ နိုင်ငံ၏လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရသဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာထိခိုက်လာမှုအပေါ် တပ်မတော်မှကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့သည်။ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခါစက ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ်ဟုဆို ဦးစီးစနစ်ကိုကျင့်သုံးဆောင်ရွက်ခဲ့သည်။ ထိုအချိန်တွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာများတွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများပျက်ပြားလာခဲ့သည်။ ပြည်ပနိုင်ငံများက အားပေးကူညီလုပ်ဆောင်ခဲ့သည့်မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကိုထိခိုက်ကျဆင်းစေခဲ့သည်။ ထို့ကြောင့် နိုင်ငံအတွင်းအခက်အခဲအကျပ်အတည်းများဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှနိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူကာ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများနည်းပါးစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ အားလုံးတစ်ပြေးညီဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏အနှစ်သာရကိုဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ လက်နက်ကိုင်ဆောင်ရွက်လျက်ရှိသည့်အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့သော် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှ သွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိလာခဲ့ခြင်းမရှိသည့်အပြင် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံ၏ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့သည်။ သို့အတွက်ကြောင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးတည်ဆောက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲကျင်းပ

မြိတ် ဩဂုတ် ၄

မြိတ်တက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ်(အဝေးသင်) ရူပဗေဒမိသားစု၊ အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ် နတ်စဉ်လမ်း မြိတ်တက္ကသိုလ်အဆောင် (၈)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရူပဗေဒ(အဝေးသင်)ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းသီဆို၍ ဆီမီးထွန်းညှိပူဇော်ကာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနေသွယ်ကြည်က ဆုံးမဩဝါဒ မြွက်ကြားသည်။

ထို့နောက် ရူပဗေဒ(အဝေးသင်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ရူပဗေဒမိသားစုတို့မှ စုစုပေါင်း လှူဒါန်းငွေကျပ် နှစ်သိန်းကို စတုတ္ထနှစ်ကျောင်းသား မောင်ရဲရင့်စိုးက မြိတ်တက္ကသိုလ်ဓမ္မာရုံသို့ ပေးအပ်လှူဒါန်းရာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က လက်ခံရယူသည်။

ယင်းနောက် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအား မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကြောင်း သိရသည်။

(၄၁၂)

# မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာအဝင်လမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

မင်းဘူး ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာမကန်ကျေးရွာအဝင်လမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး၊ မင်းဘူးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ရွာမကန်ကျေးရွာအဝင်လမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာအဝင်လမ်း အရှည်ပေ ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၉၀၁ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး ယခုအခါလုပ်ငန်းများ အားလုံး ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

## MWD Education, Knowledge & Sports Channel

၅-၈-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၂ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၁၀ | Grade – 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၁၀ - ၁၈:၀၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၈:၀၀ - ၁၉:၃၃ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၈-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၆၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် စပါး ၁၀၄ ဒသမ ၀၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းစားရေရိက္ခာဖူလုံစေရေးအတွက် စပါး ၃၃၂၅ ကေ လျာထားစိုက်ပျိုးခဲ့ရာ ၁၂၁၄၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လကုန်မှစ၍ ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေကို ဇွန်လကုန်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့တာ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေဖို့အတွက် အချိန်မီရိတ်သိမ်းခြွေလှေ့နည်းစနစ်တွေ၊ ရိတ်သိမ်းပြီးစပါးတွေကို အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့နဲ့ မျိုးကောင်းမျိုးသန့်ထားသိုထိန်းသိမ်းနည်းပညာတွေကို အသိပညာပေးဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေ စပါးရိတ်သိမ်းတာကို အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ဖို့ စက်မှုလယ်ယာဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ နွေစပါးစိုက်ပျိုးရာတွင် မဲဇလီရေလွှဲဆည်ရေ၊ လျှပ်စစ်ခါတ်အားတွဲဖက်အသုံးပြုဆိုလာရေတင်စနစ်၊ မြေအောက်ရေတို့ဖြင့် စိုက်ပျိုးကြပြီး ဒေသခံတောင်သူများကို ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများကို လုံလောက်စွာရယူသုံးစွဲနိုင်ရန် သက်ဆိုင်ရာဌာနများမှ ရေလက်တံမြောင်းများမှတစ်ဆင့် လယ်ယာစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးခဲ့သဖြင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် စပါးကို ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လှိုင်းဘွဲ့မြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ကော်ဖီကေ ၁၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

လှိုင်းဘွဲ့ ဩဂုတ် ၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ကော်ဖီကေ ၁၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လှိုင်းဘွဲ့မြို့နယ်၌ ပြီးခဲ့သည့်ဘဏ္ဍာနှစ်မှစ၍ ကော်ဖီပင်များကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ကော်ဖီစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ ထိုသို့စိုက်ပျိုးနိုင်စေရန် ဒေသခံတောင်သူများကို လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပျိုးပင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

"လှိုင်းဘွဲ့မြို့နယ်မှာ ဒီဘဏ္ဍာနှစ်အတွင်း ကော်ဖီကေ ၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ အဓိကအနေနဲ့ မြေနိမ့်ကော်ဖီမျိုးဖြစ်တဲ့ ရိုဘတ်စတာကော်ဖီကို စိုက်ပျိုးမှာပါ။ အဲဒီလိုစိုက်ပျိုးနိုင်ဖို့ လက်ရှိအချိန်ထိ ရိုဘတ်စတာကော်ဖီပျိုးပင်ပေါင်း ၁၆၀၀၀ ခန့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်" ဟု လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းကပြောသည်။

လှိုင်းဘွဲ့မြို့နယ်၌ ကော်ဖီစေ့များ၊ ကော်ဖီထုတ်ကုန်များကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်ထုတ်လုပ်လာနိုင်သည်အထိ ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် လှိုင်းဘွဲ့မြို့နယ်အတွင်း ဒေသခံတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပျိုးပင်များ အခမဲ့ဖြန့်ဝေပေးကာ ကော်ဖီ ၂၆ ကေကို စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။

လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ကော်ဖီကေများ ဆက်လက်တိုးချဲ့စိုက်ပျိုးမည်ဖြစ်ပြီး ထွက်ရှိလာသောကော်ဖီစေ့များကို လှိုင်းဘွဲ့မြို့နယ်အတွင်းသာမက တခြားဒေသများနှင့် ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

ထိုသို့ ကော်ဖီများ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်း၊ ဒေသခံတောင်သူများအနေဖြင့် မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများရရှိလာနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချ



ကျိုက်လတ် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီဝင်း၏ပြောကြားချက်အရ သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ တစ်လတာကာလအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးမြွေထိုးခြောက်တွေ ဝယ်ယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်တဲ့သူတွေအားလုံး အဆင်ပြေလာပါတယ်'' ဟု ဒေါ်နီဝင်းက ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမြွေထိုးခြောက်ပိဿာ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**သုတကျော်**



# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ


နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။


နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။


ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။


နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၃ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ၃၆၄၅ဦးအေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆင်လျှောရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် လာရောက်ပြသသည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၁၂၂ ဦး၊ စုစုပေါင်း ၂၁၆ ဦးတို့အား တပ်မတော်သား ဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ


နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၅ သင်းဖြင့် ဩဂုတ်လ ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တုံတာမြို့၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား / လမ်းသားပွဲ့ကျမှုအား ပြန်လည်ပြုပြင်နေမှုအခြေအနေများ သွားရောက်ကြည့်ရှု


ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တုံတာမြို့၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား/ လမ်းသားပွဲ့ကျမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိုင်းပျဉ်း-ကျိုင်းတုံအပိုင်း)၊ (၃၅၈/၆-၃၅၈/၇)မိုင် တုံတာမြို့အတွင်း ချောင်းရေတိုက်စားမှုကြောင့်လမ်းပခုံးသား/လမ်းသားပွဲ့ကျမှုအား ပြုပြင်ဆောင်ရွက်နေသည့်နေရာအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းတာပေါင်ပွဲ့ကျမှုနှင့် ကတ္တရာကွန်ကရစ်(AC) လမ်းသားပွဲ့ကျခဲ့မှုအခြေအနေ၊ ရေတိုက်စားမှုမှ ကာကွယ်ရန် ချောင်းအတွင်း မျောတုတ်ရိုက်ခြင်း၊ သဲအိတ်ကာရံနေမှုအခြေအနေ၊ လမ်းသားပွဲ့ကျမှုမှ ကာကွယ်ရန် မျောတုတ်ရိုက်ခြင်း၊ သဲအိတ်စီခြင်းအခြေအနေနှင့် မူလလမ်းသားအကျယ်ရရှိရန် မြေဖို့ဆောင်ရွက်သွားမည့်အခြေအနေတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းပိုင်းသည် နမ့်စင်ချောင်းရေတိုက်စားမှုကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့က အလျား ၇၄ ပေ၊ အကျယ် ၆ ပေ၊ အမြင့် ၂၅ ပေခန့် လမ်းပခုံးနှင့် ကတ္တရာကွန်ကရစ် (AC)လမ်းသားပွဲ့ကျခဲ့ရခြင်းဖြစ်ပြီး လမ်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြိတ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဖွင့်

မြိတ် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို လူမှုကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရန် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ်(၂/၂၀၂၅)ကို ဩဂုတ်လ ၄ ရက်တွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြမည့် လူမှုရေးအသင်းအဖွဲ့ဝင်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အခြေခံသဘောတရားများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းစနစ်များ၊ အထွေထွေဗဟုသုတများရရှိစေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ရှေးဦးစွာ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် လက်တွေ့သင်ကြားပို့ချမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကာ သင်တန်းသား ၅၀ ဦး တက်ရောက်ကြသည်။ သင်တန်းတွင် သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ဗဟုသုတများ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊ မိုးလေဝသဆိုင်ရာဗဟုသုတများ၊ ရှေးဦးသူနာပြုစုနည်းများ၊ အခြေခံကြိုးချည်နည်း၊ ကြိုးအသုံးပြုကယ်ဆယ်နည်း၊ ခေတ်မီကယ်ဆယ်ရေးပစ္စည်းများအသုံးပြုနည်း၊ အသက်ရှူကိရိယာအသုံးပြုနည်း၊ အမှောင်ထုအတွင်းသွားလာမှုစနစ်၊ ရေတွင်းအသက်ကယ်နည်းစနစ်၊ ပြိုကျပျက်စီးနေသောအဆောက်အအုံ၌ ကယ်ဆယ်ရေးစနစ်၊ ယာဉ်မတော်တဆမှုများ ကယ်ဆယ်ရေးနည်းစနစ်၊ အခြေခံအသက်ကယ်ဆယ်ရေးအထောက်အပံ့နှင့် လူနာသယ်ဆောင်နည်းစနစ်များ စသည့်သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။




ခိုင်ထူး(မြန်/ဆက်)

# ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဩဂုတ်လ ၃ ရက်က (၇၀)ရပ်ကွက် ဓမ္မာရုံ၌ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆံုဆို့နာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ စသည့် ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကလေးအသက်အရွယ်အလိုက် ဆေးမှတ်တမ်းများကို စနစ်တကျစိစစ်၍ လိုအပ်သူများအား ဆက်လက်ထိုးနှံရန် အသိပေးခြင်း၊ မိခင်နို့ကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပထမခြောက်လတိုက်ကျွေးရန်လိုအပ်ချက်များ၊ မိခင်နို့အစားထိုးအစားအစာအုပ်စုများ၊ မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ နည်းလမ်းမှန်များကို ဆွေးနွေးဟောပြောသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကလေးများအတွက် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်များ မျှတစွာပါဝင်သည့် အိမ်တွင်းလွယ်ကူစွာပြုလုပ်နိုင်သော အာဟာရပြည့်မီစာများအတွက် အကြံပြုချက်များ၊ ပြင်ဆင်နည်းများ သင်ကြားပို့ချပေးခြင်း၊ ပြည်သူလူထု၏လိုအပ်ချက်များကို တိုက်ရိုက်ဖြေရှင်းပေးနိုင်သော စံပြုလုပ်ဆောင်ချက်တစ်ခုအဖြစ် ကာကွယ်ဆေးထိုးနှံခြင်း စသည့်ပြည်သူ့ကျန်းမာရေး၏ အခြေခံကျသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးအောင်

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနားကျင်းပ


ကန့်ကြီးထောင့် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်းအခမ်းအနားကို ဩဂုတ်လ ၄ ရက်တွင် ဧရာသီရိသုခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းထွဋ်က အာမခံထားရှိနိုင်သည့် အမျိုးအစားများနှင့် အာမခံထားရှိခြင်းကြောင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကိုပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က မြို့နယ်အတွင်း၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုအခြေအနေများ၊ သီးနှံအာမခံထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ရာ သက်ဆိုင်ရာတောင်သူများက အသီးသီးလက်ခံရယူကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်းဒေသကြီးမန်နေဂျာ ဦးဝင်းနိုင်၊ မြန်မာ့အာမခံလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းထွဋ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ကျော်ဇင်စိုး(မြန်/ဆက်)




# အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

အောင်လံ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန်နှစ်ဆင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ်လ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် ဆောင်ရွက်ပြီးစီမံကိန်းလုပ်ငန်းများကို ရေရှည်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကန်နှစ်ဆင့်ကျေးရွာ၌ အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လတတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၈၇ အိမ်၊ လူဦးရေ ၃၂၈ ဦးတို့ ရာသီမရွေးသွားလာနိုင်ခြင်း၊ ကျေးရွာသန့်ရှင်းသာယာလှပခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများမြင့်မားလာခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ကိုလှိုင်

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်



**ပခုက္ကူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၄ ရက်နံနက်ပိုင်းတွင် ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရာ(၁) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုခိုင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာနည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၁၀ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းကာလနှစ်ရက်ကြာ စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ အသိပညာတိုးပွားရေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**ဘိုကလေး ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ အသိပညာတိုးပွားရေးကိုရည်ရွယ်၍ ဩဂုတ်လ ၄ ရက်နံနက်ပိုင်းတွင် အမှတ်(၉)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ဟောပြောပွဲနှင့် ပြပွဲများကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်မင်းဝင်းက တိုးတက်၍စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီးတည်ထောင်နိုင်ရန် အရည်အသွေးပြည့်ဝသော လူငယ်မောင်မယ်များ၏ကဏ္ဍသည် အရေးပါကြောင်း၊ လူငယ်မောင်မယ်များ အရည်အသွေးပြည့်ဝ အသိဉာဏ်ကြွယ်ဝစေရန် အရေးကြီးဆုံးလိုအပ်ချက်မှာ စာများများဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ၏ အသိပညာတိုးပွားရေးကို အထောက်အကူပြုသည့် ကဏ္ဍစုံ နံရံကပ်စာစောင်များ၊ စာအုပ်စာပေများအား ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများကလည်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် Website လွှင့်တင်ထားရှိ

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်များကို အခြေခံ၍ ပြည်သူများအသိပညာမြင့်မားစေရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းပြည်သူ့စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်ကို ဖွင့်လှစ်ကာ ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိရာပြည်သူ့စာကြည့်တိုက်လုပ်ငန်းများအား ပိုမိုစနစ်ကျစွာဆောင်ရွက်နိုင်ရန်နှင့် စာကြည့်တိုက်အသုံးပြုသူများအား



ပိုမိုလျင်မြန်စွာဝန်ဆောင်မှုပေးနိုင်ရန်အတွက်Digital Library Managament System(DLMS) ရေးဆွဲ၍ ပြည်သူ့စာကြည့်တိုက်Website ကို www.publiclibrary.gov.mm လိပ်စာဖြင့် လွှင့်တင်ထားရှိသည်။

အဆိုပါ DLMS စနစ်ကိုအသုံးပြု၍ Barcode စနစ်ဖြင့် စာကြည့်တိုက်လုပ်ငန်းများဖြစ်သည့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းနှင့်စာငှားလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် အဆိုပါ Website မှတစ်ဆင့် Online Public Access Catalogue (OPAC) ဖြင့် ပြည်သူ့စာကြည့်တိုက်များရှိ စာအုပ်စာစောင်များအား Online မှဝင်ရောက်ရှာဖွေနိုင်ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများအား ဝင်ရောက်ဖတ်ရှုနိုင်ခြင်း၊ e-resourcesများ ဝင်ရောက်ဖတ်ရှုနိုင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

လက်ရှိတွင်ဦးစီးဌာန၏ပြည်သူ့စာကြည့်တိုက် ၄၀၀ ကျော်အနက် စာကြည့်တိုက်ပေါင်း ၁၅၈ တိုက်တွင် DLMS စနစ်ကို အသုံးပြု၍ပြည်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်သူ့စာကြည့်တိုက် များအားလုံးတွင် DLMS စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များတွင် လစဉ်သုတ/ရသစာအုပ်များ၊ အပျော်ဖတ်ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူဖြည့်ဆည်းထားရှိပြီး ပြည်သူများအခမဲ့ဖတ်ရှုနိုင်သည်။

ထို့အတူ ကလေးများ ငယ်စဉ်ကတည်းက စာပေနှင့်နီးစပ်ထိတွေ့မှုရှိစေရန်အတွက် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ စသည့် လှုပ်ရှားမှုများဆောင်ရွက်ပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသနပြုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ညွှန်းစာဖတ်ခန်းဖွင့်လှစ်ပေးခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများနှင့် ထုတ်ပြန်ပြီး နည်းဥပဒေများအား ပြည်သူများ လွယ်လင့်တကူလေ့လာဖတ်ရှုနိုင်ရေး သီးခြားထားရှိပေးခြင်း၊ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများ သတင်းအချက်အလက်များ လေ့လာနိုင်ရန်အတွက် Wifi အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# အာရှဖလား ခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(D)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၄**

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု (D) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် တာ့ခ်မင်နစ္စတန်ဘောလုံးအသင်းတို့သည်ဩဂုတ်လ ၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**မြဝတီ**

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**မိုးညှင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၄ ရက် နံနက်ပိုင်းတွင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)မှကျောင်းအုပ်ဆရာမကြီး ဒေါက်တာသန္တာအောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်တင့်လွင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ သက်ငယ်မုဒိမ်းမှုနှင့်တရားမဝင်အလုပ်သမားခိုင်းစေမှုများ၊ လူကုန်ကူးခြင်း၏အဓိကအချက်များ၊ ပြည်ပဆိုင်ရာအလုပ်သမားဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အွန်လိုင်းအသုံးပြု၍ ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံးခေါ်ယူခြင်းခံရမှုအပေါ် လူကုန်ကူးခြင်းခံရနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများ စသည်တို့ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တပ်ဖွဲ့စိတ်မှူးက ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးဗီဒီယိုကို ပြသပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# အသည်းရောဂါဖြစ်စေသောအကြောင်းရင်းများ

အသည်းက လူ့ခန္ဓာကိုယ်ထဲမှာ အကြီးဆုံးကိုယ်တွင်းအင်္ဂါဖြစ်တယ်။ အသည်းက ကိုယ့်ရဲ့ညာဘက်ဝမ်းဗိုက်နံရံအိမ်ရဲ့အောက်မှာတည်ရှိပြီး ဘောလုံးတစ်လုံးနဲ့တူတယ်။ အသည်းက အစာချေဖျက်မှုရဲ့ခန္ဓာကိုယ်ကအဆိပ်အတောက်ကို ဖယ်ရှားပေးဖို့အလွန်အရေးပါတယ်။

အသည်းရောဂါက မျိုးရိုးလိုက်တာ၊ ဗိုင်းရပ်စ်ပိုးနဲ့ အရက်သောက်သုံးမှုတို့နဲ့ပတ်သက်နေပါတယ်။ အဝလွန်ခြင်းကြောင့်လည်းဖြစ်နိုင်ပါတယ်။ အသည်းရောဂါက အချိန်ကြာလာရင် နောက်ဆက်တွဲအနေနဲ့ အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ နာတာရှည်အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာရောဂါတို့ဖြစ်နိုင်ပါတယ်။ အသည်းရောဂါဖြစ်စေတဲ့အကြောင်းရင်းတွေရှိပါတယ်။

**ရောဂါပိုးဝင်ခြင်း**

ကပ်ပါးပိုး၊ ဗိုင်းရပ်စ်ပိုးတွေက အသည်းကိုရောင်ရမ်းစေပြီး အသည်းလုပ်ငန်းဆောင်တာကျဆင်းတာတွေဖြစ်စေနိုင်ပါတယ်။ အသည်းပျက်စီးခြင်းကိုဖြစ်စေတဲ့ဗိုင်းရပ်စ်ပိုးတွေက သွေး၊ သုက်ပိုး၊ ညစ်ညမ်းတဲ့ရေ၊ အစားအစာနဲ့ရောဂါပိုးရှိသူမှတစ်ဆင့်ကူးစက်နိုင်ပါတယ်။ အဖြစ်များတဲ့အသည်းရောဂါပိုးအမျိုးအစားတွေက အသည်းရောင် A၊ အသည်းရောင် B၊ အသည်းရောင် C နဲ့ အသည်းရောင် E တို့ဖြစ်ပါတယ်။

**ကိုယ်ခံအားစနစ်ပုံမှန်မဟုတ်ခြင်း**

ကိုယ်ခံအားစနစ်ပုံမှန်မဟုတ်တဲ့အခါ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို မှားယွင်းတိုက်ခိုက်ပြီး အသည်းကိုပျက်စီးစေနိုင်ပါတယ်။

**မျိုးရိုးလိုက်ရောဂါများ**

မိဘတစ်ယောက် သို့မဟုတ် မိဘနှစ်ဦးစလုံးထံမှဆင်းသက်လာတဲ့ပုံမှန်မဟုတ်တဲ့မျိုးရိုးဗီဇတွေက အသည်းအတွင်းမှာ အရာဝတ္ထုအမျိုးမျိုးကိုစုပြုံစေပြီး အသည်းပျက်စီးစေနိုင်ပါတယ်။ မျိုးရိုးလိုက်တဲ့အသည်းရောဂါတွေက (၁)အသည်းသံဓာတ်စုပုံခြင်း (Hemochromatosis)၊ (၂)အသည်းမှာအောက်ဇာလိတ်စုပုံခြင်း(Hyperoxaluria and Oxalosis)၊ (၃)ဝီလ်ဆင်ရောဂါစု သို့မဟုတ် အသည်းမှာကော့ပါးစုပုံခြင်း (Wilson's diseases)တို့ဖြစ်ပါတယ်။

အသည်းမှာရောဂါဖြစ်ပွားစေတဲ့ တခြားအကြောင်းရင်းတွေက အရက်သောက်ခြင်း၊ အဝလွန်ခြင်း၊ ဆေးဝါးနဲ့အဆိပ်အတောက်တွေကြောင့်ဖြစ်ပါတယ်။

အရက်အလွန်အကျွံသောက်ခြင်း၊ ဆေးထိုးအပ်မျှဝေသုံးစွဲခြင်း၊ မသန့်တဲ့အပ်နဲ့ဆေးမင်ကြောင်ထိုးခြင်း၊ တခြားသူရဲ့သွေး၊ ခန္ဓာကိုယ်အရည်များထိတွေ့ခြင်း၊ အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ ဆီးချိုရောဂါ၊ အဝလွန်ခြင်း၊ သွေးအတွင်း ထရိုင်ဂလစ်စရိုက်များခြင်းတို့ကြောင့် အသည်းရောဂါဖြစ်စေပါတယ်။

အသည်းရောဂါရဲ့လက္ခဏာတွေက အသားဝါလာခြင်း၊ မျက်လုံးဝါခြင်း၊ ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်း၊ ခြေကျင်းဝတ်၊ ခြေထောက်ရောင်ခြင်း၊ ဝမ်းဗိုက်ဖောခြင်း၊ အသားယားယံခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်း၊ ပျို့အန်ခြင်း၊ အစားအသောက်ပျက်ခြင်းနဲ့ အညိုအမည်းစွဲလွယ်ခြင်းတို့ဖြစ်ပါတယ်။

အထက်ပါရောဂါလက္ခဏာတွေ ကြာရှည်နေမယ်ဆိုရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

အသည်းရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းတွေနဲ့ အသည်းရောဂါပျက်စီးမှုပမာဏကိုသိထားခြင်းက ကုသမှုအတွက် အရေးကြီးပါတယ်။ ဒါတွေကိုသိရှိဖို့ ရောဂါရာဇဝင်မေးမြန်းတာ၊ စမ်းသပ်တာ၊ ဆေးစစ်တာတွေလုပ်ရပါတယ်။ ရောဂါသိရှိဖို့ သွေးစစ်ဆေးချက်၊ အင်ဇိုင်းစစ်ဆေးချက်၊ ပုံရိပ်(MRI၊ CT၊ USG)စစ်ဆေးချက်၊ အသည်းအသားစယူ(biopsy) စစ်ဆေးချက်ဆိုပြီး စစ်ဆေးနိုင်ပါတယ်။

ပုံမှန်အသည်းကနီနီရဲရဲဖြစ်ပြီး ချောမွတ်နေတယ်။ အသည်းရောင်အသားဝါ B ပိုး၊ C ပိုး၊ အရက်၊ ဆေးဝါးစတဲ့တစ်ခုခုကြောင့် အသည်းမှာဒဏ်ရာရပြီဆိုရင် အသည်းရောင်၊ အသည်းမာ၊ အသည်းခြောက်တာတွေ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲလာတယ်။ နောက်ဆုံးအဆင့်မှာ အသည်းခြောက်ခြင်းနဲ့ အသည်းကင်ဆာရောဂါအထိဖြစ်နိုင်ပါတယ်။

အရက်သောက်သုံးသူတွေရဲ့ အသည်းကအဆီဖုံးတယ်။ အသည်းရောင်တယ်။ နာတာရှည်အသည်းရောင်တယ်။ အသည်းအမာရွတ်ဖြစ်ပြီး အသည်းခြောက်တယ်။ အသည်းခြောက်သူရဲ့ ၂၀ ရာခိုင်နှုန်းက အသည်းကင်ဆာရောဂါပြောင်းသွားနိုင်ပါတယ်။

အသည်းရောဂါဖြစ်ရင် အသားဝါတယ်။ ရေဖျဉ်းစွဲတယ်။ ခန္ဓာကိုယ်ပေါ်မှာ အနီစက်တွေတွေ့ရတယ်။ အစာအိမ်မှာသွေးကြောထုံးတွေတွေ့ရတယ်။ သွေးအန်တဲ့လက္ခဏာတွေ တွေ့ရတတ်ပါတယ်။ အဲဒီရောဂါလက္ခဏာတွေက အချိန်နောက်ကျမှတွေ့ရတတ်ပါတယ်။ အသည်းရောဂါဝေဒနာရှင်တွေအနေနဲ့ ဒီလိုလက္ခဏာတွေတွေ့ရပြီဆိုရင် လပိုင်း၊ နှစ်ပိုင်းအနည်းငယ်သာအသက်ရှင်ခွင့်ရကြပါတယ်။ ဒါကြောင့် အသည်းရောဂါရှိလာရင် အသည်းမာ၊ အသည်းခြောက်မဖြစ်ခင် အသည်းရောင်ကတည်းက သေချာစွာကုသဖို့လိုပါတယ်။ ဒီလိုကုသရင် အသည်းမာ၊အသည်းခြောက်၊ အသည်းကင်ဆာရောဂါမှကာကွယ်နိုင်ပါတယ်။

အသည်းမာ၊ အသည်းခြောက်ရင် ဦးနှောက်မကြည်လင်ပဲ စိတ်တွေက ထိုင်းမှိုင်းနေတတ်ပါတယ်။ ကြွက်သားတွေမရှိတော့ပဲ ပိန်လှီနေတတ်တယ်။ ဗိုက်ပူပြီး ပိုဆိုးတာက သွေးပါအန်တတ်ပါတယ်။

အသည်းကအဆင့်ဆင့်မာလာတာနဲ့အမျှ နေရတဲ့သက်တမ်းကတိုသွားပါတယ်။ အသည်းမာခါစ လူအယောက် ၁၀၀ မှာ ၉၉ ယောက်က

"အသည်းမှာရောဂါဖြစ်ပွားစေတဲ့ တခြားအကြောင်းရင်းတွေက အရက်သောက်ခြင်း၊ အဝလွန်ခြင်း၊ ဆေးဝါးနဲ့အဆိပ်အတောက်တွေကြောင့်ဖြစ်ပါတယ်။

အရက်အလွန်အကျွံသောက်ခြင်း၊ ဆေးထိုးအပ်မျှဝေသုံးစွဲခြင်း၊ မသန့်တဲ့အပ်နဲ့ဆေးမင်ကြောင်ထိုးခြင်း၊ တခြားသူရဲ့သွေး၊ ခန္ဓာကိုယ်အရည်များထိတွေ့ခြင်း၊ အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ ဆီးချိုရောဂါ၊ အဝလွန်ခြင်း၊ သွေးအတွင်း ထရိုင်ဂလစ်စရိုက်များခြင်းတို့ကြောင့် အသည်းရောဂါဖြစ်စေပါတယ် . . ."

တစ်နှစ်အတွင်း ကောင်းကောင်းနေနိုင်ပါတယ်။ ရောဂါအခြေအနေပိုဆိုးလာရင်တော့ တစ်နှစ်မှာ သုံးယောက်လောက်သေဆုံးနိုင်ပါတယ်။ ဒါကြောင့် အသည်းမမာခင်နဲ့ အသည်းမခြောက်ခင်မှာကုသဖို့လိုပါတယ်။

အသည်းရောင်အသားဝါပိုးက ကမ္ဘာပေါ်မှာ အသည်းရောင်အသားဝါ A ပိုးကြောင့် နာတာရှည်အသည်းရောဂါမဖြစ်ပါဘူး။ အသည်းရောင်အသားဝါ B ပိုး၊ အသည်းရောင် C ပိုးကြောင့်သာ နာတာရှည်အသည်းရောဂါဖြစ်ပွားရပါတယ်။ B ပိုးကအများဆုံးဖြစ်ပြီး ကမ္ဘာပေါ်မှာ လူပေါင်း သန်း ၄၀၀၀ မှာ အသည်းရောင်အသားဝါ B ပိုးကူးစက်နေပါတယ်။ အဲဒီထဲက သန်း ၃၅၀ လောက်က နာတာရှည်အသည်းရောဂါကိုခံစားနေရပါတယ်။ ဘယ်အသက်ရွယ်မဆို သွေးစစ်လို့ B ပိုးမတွေ့ရင် အသည်းရောင်အသားဝါ B ပိုးကာကွယ်ဆေးကို နှစ်လ၊ လေးလ၊ ခြောက်လနဲ့ငါးနှစ်ထိုးနှံသင့်ပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေသန်း ၅၀ ကျော်ရှိပြီး ၁၂ ရာခိုင်နှုန်းက နာတာရှည်အသည်းရောင်အသားဝါ B ရောဂါခံစားနေရလို့ မပေါ့ဆသင့်ပါဘူး။ ကမ္ဘာပေါ်မှာ C ပိုးက သန်း ၁၇၀ လောက်ရှိပါက C ပိုးက ကုသဆေးရှိပြီး C ပိုးနဲ့ HIV၊ C ပိုးနဲ့ B ပိုးတွဲဖြစ်နေရင် C ပိုးသတ်ဆေးကိုဝေမျှပေးပါတယ်။ C ပိုးက မြန်မာနိုင်ငံမှာ မူးယစ်ဆေးသုံးစွဲသူတွေနဲ့ အကာအကွယ်မဲ့လိင်ဆက်ဆံများသူတွေမှာ တွေ့ရတတ်ပါတယ်။

**ဒေါက်တာလွင်သန့်**

---

# မော်လမြိုင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

မော်လမြိုင် ဩဂုတ် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၄ ရက်တွင် ကြာအင်းကျေးရွာအုပ်စု အမှတ် (၅၄) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော စက်ကိရိယာပစ္စည်းများအား ကြည့်ရှုခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဒေသတွင်းလယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ကောက်စိုက်စက်များအား စနစ်တကျမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ဩဂုတ်လ ၄ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ် မယ်ဇလီခင်ကျေးရွာ၌ မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ညောင်လေးပင် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၌ မီးခိုးမြူငွေ့ အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၄ ရက်တွင် မယ်ဇလီခင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီအောင်နှင့် တာဝန်ရှိသူများက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျအမှိုက်စွန့်ပစ်ရေး၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မယ်ဇလီခင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သော်ဇင်ထူး**

# ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ



**လှိုင်းဘွဲ့ ဩဂုတ် ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သော ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့ (က)ရပ်ကွက် အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလနှင့်ဩဝါဒများခံယူပြီး မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးအုန်းတင်က ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား နှစ်စဉ်ကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ကရင်တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း စာပေများထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြတ်နိုးတန်ဖိုးထားတတ်ခြင်းတို့ကို ပြောကြားသည်။

ထို့နောက်ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာစာတမ်းကို မြန်မာဘာသာနှင့် ကရင်ဘာသာတို့ဖြင့် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဖတ်ကြားကြသည်။

ဆက်လက်၍ လိပ်ပြာမောင်နှံခုနစ်ဖော်အားဖိတ်ခေါ်ပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းအဖွဲ့ဝင်များနှင့် ပရိသတ်များအား တစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းနှင့် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ကရင်ရိုးရာတေးသီချင်းများ၊ စည်းလုံးညီညွတ်ခြင်းတေးသီချင်းများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

(၄၀၆)

# ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၂၂၁၃၂ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၂၂၁၃၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းထံမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်၌ မိုးနှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ကြရာ ယနေ့အထိ ၂၂၁၃၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကလေးမြို့နယ်တွင် မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာလူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# ကျောက်တလုံးကြီးမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော နနွင်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**တောင်ကြီး ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ်၌ မိသားစုအပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော နနွင်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နနွင်းပင်များစိုက်ပျိုးရာတွင် နနွင်းမျိုးများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့်စိုက်ပေါင်နှင့် စိုက်ကျင်းအနက်တို့အား စနစ်တကျပြုလုပ်ပေးရပြီး မျိုးမချမီ စိုက်ပေါင်ကို နွားချေးနှင့်မြေဩဇာများရောစပ်၍ ထည့်ကာ ရေဖြင့်ခြောက်နာရီခန့် ကြိုတင်နှပ်ထားရကြောင်း၊ နနွင်းပင်များစိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်ကြား အနည်းဆုံးခြောက်လက်မခြားစိုက်ပျိုးရကြောင်း၊ အချိန်မီပုံမှန်ပေါင်းရှင်း၊ မြေဆွပေးရန် လိုအပ်ကြောင်း သိရသည်။

အဆိုပါနနွင်းပင်ကို ၂၀၂၅ ခုနှစ် ဧပြီလတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် နနွင်းအတက်များ စတင်တူးဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)



# သာယာဝေဖြာ ပြည်မြန်မာ

❖ ကိုယ့်တိုင်းကိုယ့်ပြည်၊ လှဝေစည်အောင်
ကိုယ်စီအသိ၊ ရင်ဝယ်ရှိ၍
တိကျသေချာ၊ လုပ်ဆောင်ပါလျှင်
သာယာဝေဖြာ၊ ပြည်မြန်မာဟု
ကမ္ဘာနှင့်အညီ တည်နေမည်။

❖ ရာသီသဘာဝ၊ လွန်မျှတဖို့
စိုက်ကြသစ်ပင်၊ ကြီးမြန်ရှင်ကာ
ဝန်းကျင်လှပ၊ ကြည်နူးရအောင်
သူကအစ၊ ငါကအားလုံး
ပျော်မဆုံးနှင့်၊ ပြည့်ဂုဏ်မြင့်အောင်
တွေးချင့်လျက်သာ ရွက်ဆောင်ပါ။

❖ လမ်းဘေးဝဲယာ၊ ကြည့်လိုက်ပါလျှင်
သာယာလှပ၊ သဘာဝနှင့်
စိမ်းမြလယ်ကွင်း၊ မြင်ရခြင်းနှင့်
စီးဆင်းသည့်ရေ၊ သစ်ပင်တွေနှင့်
ကျေနပ်ဖွယ်ကောင်း၊ အလှဆောင်းကာ
နှစ်ထောင်းအားရ၊ စိတ်ရွှင်ပျသည်
ချမ်းမြသာယာ တို့ပြည်မှာ။

❖ ယခင်ယခု၊ ကောင်းအောင်ပြု၍
သုခဝေဖြာ၊ နောင်အခါတွက်
သဘာဝဝန်းကျင်၊ အလှဆင်မှ
နောင်တွင်ဆက်လက်၊ ရှိန်မပျက်ဘဲ
တက်ကြွအားမာန်၊ လုံ့လသန်လျက်
မြန်မာတို့ပြည် သာယာမည်။
အနာဂတ်ဆီ မှန်းမျှော်ရည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** ၅-၈-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၇။ ၁၄:၀၀ Sharing Knowledge |
| ၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင် | ၆။ ၁၃:၀၀ အမှတ်တရ နေ့ရက်များ | ၈။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၃။ ၀၉:၀၀ Soft Skill | | ၉။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၂)** |
| ၄။ ၁၁:၀၀ သီချင်းလက်ဆောင် | | |

**MWD Variety Channel** ၅-၈-၂၀၂၅ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၄ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၂။ | ၁၀:၃၃ | ကျန်းမာသောဘဝ |
| ၃။ | ၁၁:၄၂ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ |
| ၄။ | ၂၁:၂၁ | ဖတ်ပါ မှတ်ပါ လေ့လာပါ |

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက်ဆိုင်ရာ အသိပညာပေးဟောပြော

ပေါင် ဩဂုတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကွဲခြံ)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၄ ရက်တွင် ပြုလုပ်သည်။

ဟောပြောပွဲသို့ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်နိုင်ထွန်း၊ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်စောထင်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးနှင့် ဝန်ထမ်းများ၊ ပူးတွဲမြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်နိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်စောထင်လင်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများကိုလည်းကောင်း အကျယ်တဝင့်ဟောပြောကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် ပေါင်မြို့နယ်ဥပဒေရုံးမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လက်ကမ်းစာစောင်များပေးဝေပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့်နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# မင်းလှမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်း ဆောင်ရွက်



မင်းလှ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့်အစားထိုးသုံးစွဲမှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းကို ဩဂုတ်လ ၄ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇေယျာသီရိဈေး၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ဇေယျာသီရိဈေးရှိ ဈေးရောင်းချသူများအား အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူ စသည့် သင့်လျော်ရာ အစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် အသိပညာပေး နှိုးဆော်ကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပလတ်စတစ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်ရေးနှင့်အတူ ဒေသခံပြည်သူတို့၏ ကျန်းမာရေးနှင့်ညီညွတ်စေရန် မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်နေပြည်သူများ၏ စွန့်ပစ်ပစ္စည်းများကို အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် နေ့စဉ်သိမ်းဆည်းဆောင်ရွက်ပေးသည့်အပြင် စွန့်ပစ်အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်သည့် အလေ့အထရှိစေရန် အမှိုက်ပုံးများ အရောင်သတ်မှတ်၍ ထားရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

# အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

တံတားဦး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် အမှတ်( ၁၊ ၂၊ ၃) ရပ်ကွက်များရှိ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဩဂုတ်လ ၄ ရက်တွင် အမှတ်( ၁ ၊ ၂၊ ၃ )ရပ်ကွက်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးအသီးသီး၌ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းများက အဆုတ်ရောင်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့်ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို အသက်အရွယ်အလိုက်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းများက အဖွဲ့များခွဲ၍ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီး၌ဆောင်ရွက်ပေးလျက်ရှိရာ တံတားဦးမြို့နယ် အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်များမှ အသက်နှစ်နှစ်အောက် ကလေးငယ် ၆၅ ဦးနှင့် ကိုယ်ဝန်ဆောင် ၁၅ ဦးတို့ကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခဲ့ပြီးဖြစ်သည်။

တံတားဦးမြို့နယ်၌ ဆေးထိုးခြင်းနှင့်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို လစဉ်လဆန်း ၁ ရက်မှစတင်၍ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု စုရပ်များ၌ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

# စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပေါက်ကုန်းရပ်ကွက်ရှိ အလင်းရောင်စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၃ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးကျော်နှင့် တာဝန်ရှိသူများသည် အလင်းရောင်စာကြည့်တိုက်၏ ဥပဓိရုပ် သန့်ရှင်းသာယာလှပမှုအခြေအနေ၊ စာဖတ်သူ/ စာအုပ်ငှားရမ်းသူများ အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကလေးကစားကွင်းနှင့် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အလင်းရောင်စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုရာ အလင်းရောင် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးသီဟဘော်ဇံက စာဖတ်သူပရိသတ်များ နှစ်သက်သည့် စာအုပ်စာစောင်များကို ဝယ်ယူဖြည့်တင်းပေးထားမှု၊ စာအုပ်စာစောင်အသစ်များ တိုးပွားရရှိစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးစေရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာအုပ်စာစောင်များငှားရမ်းမှု၊ စာအုပ်စာစောင်များတိုးပွားရေးနှင့် စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ၊ ပရိဘောဂများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်မှုနှင့်ပတ်သက်၍ စာကြည့်တိုက်စီမံခန့်ခွဲထိန်းသိမ်းရေး လက်စွဲစာစောင်ပါအချက်များနှင့်အညီ တည့်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့်ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့်တွေ့ဆုံ အမှာစကား ပြောကြား သည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၄၇၉၅ ဦး၊ သားဖွားဆရာမ ၁၀၅၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၂ ဦး အပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ခုတင် ၅၀ အဆင့်အထိ အထူးကုဆရာဝန်များခန့်ထားနိုင်ခြင်းနှင့် သစ်လွင်လက်ထောက်ဆရာဝန်များနှင့် သစ်လွင်သွားနှင့်ခံတွင်းဆရာဝန်များ ထပ်မံခန့်ထားနိုင်ခြင်းကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုအရည်အသွေး မြင့်မားစေရေးအတွက် ဗဟိုအဖွဲ့အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အခမဲ့ခွဲစိတ်ခြင်း၊ ခွဲစိတ်မှုနှင့် စမ်းသပ်စစ်ဆေးမှုများတိုးမြှင့်လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်က တိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူနာများ၏စိုက်ထုတ်ကုန်ကျငွေ လျော့နည်းလာသည်ကို ကောက်ခံရရှိသော အချက်အလက်များအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ပညာရှင်ဘွဲ့ချီးမြှင့်ခြင်း၊ လုပ်အားခများချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ခြင်းစသည် ဖြင့်ပံ့ပိုးမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ရှိခဲ့ရသော အားသာချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပြီး အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကာ စာမျက်နှာသစ်ကို ပိုမိုလှပစေရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦဖြစ်စေရန် မိမိတို့တစ်ဦးချင်းစီက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်းများ တိုးတက်စေရေးနှင့် တွေ့ကြုံရသည့် ကျန်းမာရေးဆိုင်ရာပြဿနာများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်သည့် ကျန်းမာရေးစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက်ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကြပြီး တက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနတို့မှဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရုံးဌာနအဆောက်အအုံနှင့် ဝန်ထမ်းများရုံးလုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတို့ရှိ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးအတွင်း/အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ နိုင်ငံပိုင်ရုံးလုပ်ငန်းသုံးပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး၊ နိုင်ငံပိုင်ပစ္စည်း၊ အဆောက်အအုံများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ဆိုက်ဘာလုံခြုံရေးသတိပြုဆောင်ရွက်ရေး၊ ရုံးအင်္ဂါရပ်နှင့်ညီညွတ်သောပတ်ဝန်းကျင်ဖြစ်စေရန် သန့်ရှင်းသပ်ရပ်မှုရှိအောင်ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောဘာသာရပ်များသာမက ပြင်ပဗဟုသုတ၊ ခေတ်နှင့်လျော်ညီသော နည်းပညာများကို စဉ်ဆက်မပြတ်ကြိုးစားလေ့လာရေး၊ နိုင်ငံ့အကျိုး၊ ဝန်ကြီးဌာနအကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှု၍ ရုံးလုပ်ငန်းများစနစ်တကျ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနတွင်းရုံးလုပ်ငန်းမွမ်းမံသင်တန်းနှင့် e-Government ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# E-sports ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၄


ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ့်မြို့၌ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၃ ရက်ထိ ကျင်းပခဲ့သည့် E-sports ကမ္ဘာ့ဖလား ၂၀၂၅ PMWC(PUBG Mobile World Cup) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသည် Qualifier အဆင့်ဖြစ်သည့် PMCL(PUBG Mobile Challengers League) မှစတင်ကာ E-sports ကမ္ဘာ့ဖလား ၂၀၂၅ PMWC (PUBG Mobile World Cup) ပြိုင်ပွဲတစ်လျှောက်တွင် ကမ္ဘာတစ်ဝန်းကအကောင်းဆုံး ထိပ်တန်းအသင်းများနှင့် ယှဉ်ပြိုင်ကစားပြီး တိကျသောနည်းဗျူဟာများဖြင့် လက်မလျှော့သောစိတ်ဓာတ်များကြောင့် E-sports ကမ္ဘာ့ဖလား ၂၀၂၅ တွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းတစ်သင်းအနေဖြင့် ပထမဆုံးအကြိမ်ချန်ပီယံအဖြစ် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ဆုကြေးငွေ ဒေါ်လာ ၅၀၀၀၀၀ ချီးမြှင့်ခြင်းခံခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၅၀ မှ အသင်းများကို Qualifier အဆင့်ဆင့်ယှဉ်ပြိုင်ဖြတ်ကျော်ခဲ့ရပြီး နောက်ဆုံးအဆင့်တွင် ကမ္ဘာ့ထိပ်တန်းအသင်းပေါင်း ၂၄ သင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားကာ Esports အားကစား ကမ္ဘာ့ဖလားချန်ပီယံဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းက ပထမ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယနှင့် မွန်ဂိုလီးယားနိုင်ငံက တတိယဆု အသီးသီးရရှိခဲ့ကြပြီး ပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်းအထိ ချီးမြှင့်ခဲ့ကြောင်းလည်း သိရသည်။

ဝန်းရံခ



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ဝန်ထမ်းများ၏ သားသမီးများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဂုဏ်ပြုချီးမြှင့်




နေပြည်တော် ဩဂုတ် ၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ထူးချွန်မောင်မယ်များအနေဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ပြီးဖြစ်သော ထူးချွန်တံဆိပ်၊ ဂုဏ်ဒြပ်များနှင့်သာ ကျေနပ်ရောင့်ရဲ မနေကြဘဲ အဆင့်မြင့်ပညာများကို လေ့လာသင်ကြားရာတွင် ထူးချွန်ထက်မြက်သူများဖြစ်အောင် အရှိန်အဟုန်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြပြီး အနာဂတ်တွင် တိုင်းပြည်အကျိုးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ရည်မှန်းချက်ထား ကြိုးစားအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသား၊ကျောင်းသူများအနေဖြင့်တတ်မြောက်ထားသည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား (၅)ဘာသာဂုဏ်ထူးရှင်မဇင်ဇင်ဆန်းထွဋ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ၃၂၇ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၇၇ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်ချက်ရာခိုင်နှုန်း ၅၄ ဒသမ ၁၃ ရာခိုင်နှုန်းရှိကာ (၅)ဘာသာဂုဏ်ထူးရှင်လေးဦး၊ (၄)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၂၀ ရှိကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်




နေပြည်တော် ဩဂုတ် ၄

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေလှိုင်၊ အမြဲတမ်းအတွင်းဝန်၊ အရာထမ်း၊ အမှုထမ်းများနှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပညာရေးကဏ္ဍမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကို အလေးထားကာ တန်းစဉ်အလိုက်ထူးချွန်စွာ အောင်မြင်ရေး ကြိုးစားကြစေလိုကြောင်း၊ တက္ကသိုလ်ပညာရပ်များကိုယခုကဲ့သို့ထူးချွန်အောင်မြင်အောင် ကြိုးစားကြရန်နှင့် မိဘများကလည်း သားသမီးများ၏ ပညာရည်မြင့်မားရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ကြီးဌာနမှဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူ (၆)ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၃)ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်ကိုးဦး၊ (၁)ဘာသာ ဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၀ ရှိပြီး နေပြည်တော်အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးများတွင် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားများကို တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၄

တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများထံ အောင်နိုင်တိုး မျိုးစပါးများ၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာ (Seeder)များ ပေးအပ်ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေးရှိစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်လောင်းလမ်းဘေးမြောင်းနှင့်ကျွန်းရောင်း-အိုက်စောက်ရိုး ပြန်လည်တူးဖော်နေမှုကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ချောင်းဘေးကြောင့်ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ရန်အောင်မြင်ဆည် ပင်မတမံနှင့်ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ချောင်းမကြီးဆည်မှ ရေသန့်စင်စက်ရုံအမှတ်(၁)သို့ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပင်မတမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ဥတ္တရသီရိရေလှောင်တမံ ပင်မတမံပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆည်ရေဝင်ရောက်နေမှုနှင့်အရေးပေါ်ရေပိုလွှဲ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ချောင်းဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇေယျဌာနီလမ်းနှင့် ရာဇသင်္ဂဟလမ်း လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက နေပြည်တော်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပုဗ္ဗသီရိ(ပြန်/ဆက်)



## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ဥပဒေမဲ့လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ”** ခေါင်းစဉ်ဖြင့် ၆-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံတစ်ခုရဲ့လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထားခြိမ်းခြောက် သတ်ဖြတ်နေတဲ့တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မန္တလာကိုကိုဝင်း

စိမ်းလန်းစိုပြည်သောသဘာဝပတ်ဝန်းကျင်သည် လူသားတို့၏စိတ်နှလုံးကိုကြည်နူးချမ်းမြေ့စေသည်။ လှပသောပန်းချီကားတစ်ချပ်ကို မြင်တွေ့လိုက်ရသကဲ့သို့ခံစားကြရသည်။ လူတိုင်းသည်နှစ်သက်ဖွယ်ကောင်းသောအမြင်အာရုံကို တွေ့မြင်လိုကြသည်။ ထိုသို့တွေ့မြင်နိုင်ရန်အတွက် လူသားတို့ကိုယ်တိုင်ပင်ကြိုးစားရွက်ဆောင်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းသည် လူသားတို့အတွက် ကျန်းမာရေးကိုများစွာအကျိုးပြုသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် သစ်ပင်သစ်တောများရှင်သန်ဖြစ်ထွန်းရေးသည် အဓိကဦးစားပေးလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် အသုံးအဆောင်များကိုလည်း လျှော့ချသုံးစွဲကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ လူသားတို့၏ အနီးတစ်ဝိုက်ရှိ လူသားတို့နှင့်ဆက်စပ်နေသောသက်ရှိသက်မဲ့များကိုဆိုလိုသည်။ သက်ရှိဝန်းကျင်နှင့် သက်မဲ့ဝန်းကျင်ဟူ၍ နှစ်ခုခွဲခြားနိုင်သည်။ သက်မဲ့သဘာဝပတ်ဝန်းကျင်မှာ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်၊ ပန်းမန်စသည်တို့ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဟုဆိုလိုက်သည်နှင့် မိမိတို့လူမှုဘဝပတ်ဝန်းကျင်တွင်တွေ့မြင်နေကြရသည့် သစ်ပင်ပန်းမန်များ၊ ဥယျာဉ်ခြံမြေများ၊ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့်သစ်ပင်ကြီးများ၊ လူသွားလမ်း၊ ကားလမ်းများ၊ ထိုလမ်းမများပေါ်တွင် သန့်ရှင်း၍ အမှိုက်တစ်ခုတလေပင်မတွေ့ရသည့်မြင်ကွင်း၊ ရထားလမ်းနှင့်ကားလမ်းတစ်လျှောက်လမ်းဘေးဝဲယာတွင် မြင်တွေ့နေရသည့်လယ်ကွင်းများ၊ ကျေးရွာများ စသည်စသည်တို့မှာ သဘာဝပတ်ဝန်းကျင်များပင်ဖြစ်သည်။ မျက်စိပသာဒလှပခြင်းကို လူတိုင်းနှစ်သက်ကြပေရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ကြမှသာ နိုင်ငံတော်သာယာနေမည်ဖြစ်သည်။

ထိုမြင်ကွင်းများကိုဖန်တီးဆောင်ရွက်ပေးခဲ့ကြသော ဘိုးဘေးဘီဘင်တို့ကိုကျေးဇူးတင်သည်။ သူတို့ခေတ်အခါက စိုက်ပျိုးခဲ့ခြင်းကြောင့် ယနေ့ခေတ်လူသားတို့ကောင်းကျိုးခံစားကြရသည်ဟုဆိုနိုင်သည်။ ယနေ့ခေတ်လူသားတို့အနေဖြင့် အနာဂတ်အတွက်ကောင်းကျိုးများစေမည့်သဘာဝပတ်ဝန်းကျင်ကိုဆက်လက်ထိန်းသိမ်းခြင်း၊ တိုးပွားအောင်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ကိုလက်ဆင့်ကမ်းပေးကြရမည်ဖြစ်သည်။ မြန်မာ့ပင်ကိုသဘာဝကပင်တောတောင်လျှိုမြောင်၊ သစ်ပင်သစ်တောများ ဖုံးလွှမ်းနေသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် စိမ့်စမ်းရေတံခွန်များကလည်းလှပ၍ အံ့သြဖွယ်တည်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးအတွက် မြေကြီးကအဆင်သင့်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ဆောင်ရွက်ရင်း သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင်ထင်သာမြင်သာပြီး အမှန်တကယ်လုပ်သင့်သည်မှာ သစ်ပင်များစိုက်ပျိုးခြင်းဖြစ်သည်။ စားပင်သီးနှံပင်၊ အရိပ်ရပင်၊ လေကာပင်မှသည်နိုင်ငံအတွက် ရတနာဖြစ်သည့်ကျွန်း၊ ပျဉ်းကတိုး စသည့်နှစ်ရှည်သစ်ပင်များကိုလည်း စိုက်ကြရမည်ဖြစ်သည်၊ သစ်တောများမှာလူသားတို့ကိုကောင်းကျိုးပြုသည်။ အသုံးအဆောင်ပရိဘောဂကို သစ်တောများမှ ကုန်ကြမ်းရရှိသည်။ ကောင်းကျိုးပြုသည့်ပစ္စည်းများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း မပြုသင့်ပေ။ ထို့ကြောင့်သစ်တောများနှင့်ပတ်သက်လာလျှင်နောင်အနာဂတ်ကိုကြိုတင်တွက်ဆ၍ခုတ်ယူသုံးစွဲသင့်သလောက်သာခုတ်ယူသုံးစွဲသင့်လှသည်။ အလွန်အကျွံခုတ်ယူခြင်းပြုပါက တောတောင်များပြုန်းတီးပြီး မိုးမရွာဘဲရှိနေမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်လာလျှင် စာဆိုရှင်များကပင် စာချိုးကာမီးမောင်းထိုးပြခဲ့ကြသည်။ ၁၉၅၉ ခုနှစ်က ဆရာဇော်ဂျီရေးသားခဲ့သောတို့လယ်သမား ဗုံထောက်သံကဗျာတွင် သစ်တောသစ်ပင်များနှင့်ပတ်သက်၍ **"တောပင်ကို တော်တော်ခုတ်ကြပ့်၊ တောပြုတ်လိမ့်နောက်နောင်၊ တောခုတ်လို့တောပြောင်၊ မိုးခေါင်တော့မှာပဲ။ မိုးခေါင်လို့ရေမကြွယ်၊ သဲပင်လယ်ဖြစ်လိမ့်မလွဲ"** ဟူ၍သတိပေးထားသည်။ သစ်ပင်ဖြစ်ထွန်းမှုနည်းပါးလျှင် မိုးများစွာရွာသွန်းခြင်းမရှိသည်ကို မိုးနည်းရေရှားဒေသတွင်နေထိုင်သူတို့သိရှိကြသည်။ မိုးမရွာလျှင် ရေရရှိမှုနည်းပါးမည်ဖြစ်သည်။ အဆိုပါဒေသတွင်ရွှေကိုမလို ရေကိုသာလိုသည်ဆိုသည့်အတိုင်း နွေကာလတွင်ရေရှားပါးမှုနှင့်ကြုံတွေ့ကြရသည်။ နွေရာသီရောက်သည်နှင့် တပ်မတော်ရှိတပ်ရင်း၊ တပ်ဖွဲ့များကစစ်သည်များနှင့်ရေသယ်ယာဉ်များသွားရောက်ကာ သောက်သုံးရေများဝေငှပေးခဲ့ကြရသည်။

> **သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာချက်ချင်းလက်ငင်းလျော့ပါးသွားမည်မဟုတ်သော်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကိုတတ်နိုင်သမျှလျော့ပါးစေမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများကိုမြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုအေးမြစေသည့် အကျိုးကျေးဇူးကိုရရှိစေသည်။**

ထို့ကြောင့် ယခင်က ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် သဘာဝပတ်ဝန်းကျင်သာယာရေးကိုဆောင်ရွက်ခဲ့သည်။ နောင်တွင်တိုးချဲ့ကာ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးကိုဆက်လက်ဆောင်ရွက်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းသည့်ဒေသများဖြစ်ပြီး အပူဒဏ်ကိုအများဆုံးထိတွေ့ခံစားရသည့်ဒေသများဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို သဘာဝအခြေပြုဖြေရှင်းနည်းမှာသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သစ်တောများထိန်းသိမ်းခြင်း၊ လေကာတန်းများ စိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များစနစ်တကျစီမံခြင်း စသည့်နည်းလမ်းများဖြစ်သည်။

အညာဒေသအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့်ပထမဆုံးအကြိမ်သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင်လ ၁၁ ရက်က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာချက်ချင်းလက်ငင်းလျော့ပါးသွားမည်မဟုတ်သော်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကိုတတ်နိုင်သမျှ လျော့ပါးစေမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကိုမြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုအေးမြစေသည့် အကျိုးကျေးဇူးကိုရရှိစေသည်။

မြန်မာနိုင်ငံတွင်သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရှိလာစေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးကိုလည်း နောင် ၇ နှစ် ၈ နှစ်ခန့်တွင် ခံစားကြရမည်ဖြစ်သည်။ ယနေ့သစ်ပင်စိုက်ပျိုးခြင်းများသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ကို ခံစားနိုင်ရန် အမွေခံကောင်းကိုဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ ဆိုစကားနှင့်အညီ သစ်ပင်သစ်တောများရှင်သန်အောင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းများဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တစ်ဝန်းသာယာနေမည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ မြို့ပြများတွင် ရေစီးရေလာစနစ်များ၊ အညစ်အကြေးစွန့်ပစ်စနစ်များပျက်ပြားလာခြင်းမရှိအောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများသည်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည်။ လူသားတို့ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ ထို့အတူ စက်ရုံ၊ အလုပ်ရုံများတွင်အသုံးပြုသောဓာတုဆေးများသည် မိုးရေမှတစ်ဆင့်မြေကြီးထဲသို့စိမ့်ဝင်ကာ အဆိပ်အတောက်များကိုဖြစ်ပွားစေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများကိုဖြေရှင်းရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်းနှင့်ဖြေရှင်း၍ရနိုင်မည်မဟုတ်သည့်အတွက် ပြည်သူတစ်ရပ်လုံးအသိတရားရှိရှိဖြင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေခဲသေတ္တာမှ ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များသည် လေထုအတွင်းစိမ့်ထွက်လာပြီး အိုဇုန်းလွှာကို တိုက်စားပစ်သည်။ ထိုအိုဇုန်းလွှာသည် သက်ရှိအရာဝတ္ထုအားလုံးကို ဒုက္ခပေးသောခရမ်းလွန်ရောင်ခြည်ကို အကာအကွယ်ပေးထားသည်။ မော်တော်ကားများ၊ အလုပ်ရုံ၊ စက်ရုံများမှထွက်သောမီးခိုးများတွင်ပါသည့်ဓာတ်ငွေ့များသည်လေထုအတွင်းညစ်ညမ်းမှုနှင့် လေထုအတွင်းဓာတ်ငွေ့စုဝေးမှုကိုဖြစ်ပေါ်စေသည်။ လူသားတို့၏ကျန်းမာရေးကိုထိခိုက်စေသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ကိုယ်စီအသိဖြင့် သတိတရားနှင့်ထိန်းကြရမည်ဖြစ်သည်။

သစ်တောသစ်ပင်များပြုန်းတီးလာပြီး တောအဆင့်အတန်းများနိမ့်ကျလာခြင်းတို့ကြောင့် ကမ္ဘာကြီးသည် တစ်နှစ်ထက်တစ်နှစ် ရာသီဥတုများပြောင်းလဲလာပြီး မုန်တိုင်းများကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေအောက်ရေများခန်းခြောက်လာပြီး ရေရှားပါးလာခြင်း၊ မိုးခေါင်၍ကောက်ပဲသီးနှံများစိုက်ပျိုးမှုခက်ခဲခြင်း၊ နိုင်ငံဖြတ်ကျော် မီးခိုးငွေ့ပြဿနာများဖြစ်ပေါ်ခြင်းစသည့်သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။ ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းများအနက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မြင့်မားစွာထုတ်လွှတ်မှုသည် အဓိကအကြောင်းရင်းဖြစ်သည်။

သစ်တောသစ်ပင်များမှာ ညစ်ညမ်းသောကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူပြီးသန့်ရှင်းသောအောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည့်အတွက် လူသားများအသက်ရှင်ရပ်တည်ရေးအတွက် အဓိကအကျဆုံးဖြစ်သည်၊ ထို့ပြင် သစ်တောသစ်ပင်များသည် လူနှင့်တိရစ္ဆာန်များအတွက် အစားအစာ၊ နေအိမ်၊ လောင်စာ၊ ဆေးဝါးများ၊ အပန်းဖြေအနားယူစရာနေရာများရရှိစေသည်သာမက သဘာဝဘေးအန္တရာယ်ကျရောက်မှုမှလည်း ကာကွယ်တားဆီးပေးသည်။

မြန်မာနိုင်ငံတွင် မိုးရာသီရောက်လာသည်နှင့် နိုင်ငံတစ်ဝန်းသစ်ပင်များစိုက်ပျိုးလျက်ရှိသည်။ နိုင်ငံတော်အဆင့်၊ ဌာနဆိုင်ရာအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပ၍သစ်ပင်များစိုက်ပျိုးပေးနေခြင်းမှာ နိုင်ငံတော်သာယာရေးအတွက်ဖြစ်သည်၊ အကျယ်တဝင့်ဆိုရလျှင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေးအထောက်အကူပြုရန်၊ သဘာဝတောများမှထုတ်ယူသုံးစွဲမှုလျှော့ချနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရန်၊ ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိအမြင်များတိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။


အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လုပ်ဆောင်သင့်သည်များ များစွာရှိနေသော်လည်း ထင်သာမြင်သာရှိ၍ လူတိုင်းစွမ်းဆောင်နိုင်သည်မှာ သစ်ပင်များစိုက်ပျိုးခြင်းဖြစ်သည်။ ယခုအခါတွင် နိုင်ငံတော်အစိုးရသည် သဘာဝစိမ်းလန်းစိုပြည်ရေးရည်မှန်းချက်ကိုကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ နိုင်ငံတော်သာယာရေးအတွက်သာဖြစ်သည်။ နိုင်ငံတော်၏စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်များ၊ စီမံချက်များမှာ အားရဖွယ်ဖြစ်သည်။ ထို့အတူ သစ်တောဦးစီးဌာန၏ "သစ်တောစိမ်းမှစမ်းရေရ၏"၊ "ဥတုရာသီတောကိုမှီ၏"၊ "တောတောင်တင့်တယ် စားကျက်ကြွယ်၏"၊ "ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ" ဆိုသည့်ဆောင်ပုဒ်များနှင့်အညီ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူ၍နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ ခြံအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်တည်ရှိသော **ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏အလံပုံစံ**



**ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၄၁ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် (၄၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၈ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

နေပြည်တော် ဩဂုတ် ၄


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ **(ပုံ-၁)**

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း စခန်း ၂၉ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ **(ပုံ-၂)**


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁) မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ(၂) ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ |
| ၃ | တောင်ကြီး | ၆.၇ |
| ၄ | မိုင်းဆတ် | ၆.၅ |
| ၅ | ကျိုင်းတုံ | ၆.၆ |
| ၆ | စစ်ကိုင်း | ၆.၅ |
| ၇ | ဟားခါး | ၆.၉ |
| ၈ | ညောင်ဦး | ၆.၈ |
| ၉ | မုံရွာ | ၇.၁ |
| ၁၀ | ပျဉ်းမနား | ၆.၉ |
| ၁၁ | ပြင်ဦးလွင် | ၆.၇ |
| ၁၂ | ကလေးဝ | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၄ | မှော်ဘီ | ၆.၉ |
| ၁၅ | မကွေး | ၆.၇ |
| ၁၆ | အောင်လံ | ၇.၁ |
| ၁၇ | စစ်တွေ | ၆.၉ |
| ၁၈ | ပြည် | ၆.၅ |
| ၁၉ | ပဲခူး | ၇.၁ |
| ၂၀ | တောင်ငူ | ၆.၉ |
| ၂၁ | ပုသိမ် | ၆.၉ |
| ၂၂ | မအူပင် | ၆.၉ |
| ၂၃ | ဟင်္သာတ | ၆.၇ |
| ၂၄ | မော်လမြိုင် | ၇.၀ |
| ၂၅ | ဘီးလင်း | ၆.၈ |
| ၂၆ | ဘားအံ | ၇.၀ |
| ၂၇ | ထားဝယ် | ၇.၀ |
| ၂၈ | မြိတ် | ၆.၈ |
| ၂၉ | ကော့သောင်း | ၆.၇ |



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

➲ ကျောဖုံးမှအဆက်

အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ ၂ တန်း (သို့မဟုတ်) ၃ တန်းစိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ၅ ဧက/၁၀ ဧကခန့် ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်း၊ အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အဦများကိုလည်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမြန်လမ်းပေါ်သို့တက်ရောက်ရန်အတွက် တရားမဝင် လမ်းများဖောက်လုပ်ထားရှိမှု မရှိစေရေးနှင့်အမြန်လမ်းမပေါ်တက်ရောက်မည့် သတ်မှတ်ထားသည့်လမ်းများကိုလည်း အမြန်လမ်းမကြီး ဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ၄ လမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

❖ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ်ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များစိုက်ပျိုး၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ ၂ တန်း (သို့မဟုတ်) ၃ တန်းစိုက်ပျိုးသွားရန်လို . . .

❖ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ၅ ဧက / ၁၀ ဧကခန့် ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုး . . .

❖ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ၄ လမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲ . . .

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ဆက်လက်ထွက်ခွာလာကြပြီး ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ဆွာချောင်း ကမ်းထိန်းလုပ်ငန်းများနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

✫ စာမျက်နှာ ၁၇ မှအဆက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သမိုင်းကြောင်းကိုဖော်ပြလျက်ရှိသည့်ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထိုးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ယခင်ခေတ်ကအသုံးပြုခဲ့သည့် ပုံစံများအတိုင်းဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားသည်။

❖ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦသည် ရှေးဟောင်းအဆောက်အဦတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်. . .

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးများရုံးအဆောက်အဦအတွင်းလှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့်အဆောက်အဦထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေးပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထိုခေတ်တွင်မီခဲ့သည့် သတင်းစာဆရာကြီးများ၊ စာရေးဆရာများအားလိုက်လံမေးမြန်း၍ တစ်ပုံစံတည်းဖြစ်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦ၏အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျ သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦသို့ရောက်ရှိကြပြီး အဆောက်အဦအတွင်းရှိ ရုံးခန်းများ၊ စာကြည့်တိုက်၊ တရားခွင်များနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ပြတိုက်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦသည်ရှေးဟောင်းအဆောက်အဦတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အဦသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အဦတစ်ခုဖြစ်သဖြင့် အဆောက်အဦရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

★ ရှေ့ဖုံးမှအဆက်

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှု၊ ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပုံတူပန်းချီကားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများ၊ ဧည့်ခန်း၊ အထူးအစည်းအဝေးခန်း၊ အိပ်ခန်း၊ စာကြည့်တိုက်တို့အတွင်း ခင်းကျင်းပြသထားသည့်ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင်ထုတ်ဝေခဲ့သည့် စာအုပ်များအား စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့် မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမို

**❖ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်. . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်ကို ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်းလှည့်လည်ကြည့်ရှုစဉ်။

**❖ ဗိုလ်ချုပ်၏ မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ် ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လို. . .**

ကောင်းမွန်ကြည်လင်ပြတ်သားသည့် ပုံများဖြစ်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးလိုင်းများသွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ဗိုလ်ချုပ်၏မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာဖတ်ရှုလေ့လာနိုင်ရေးကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များမရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ရေကန်၊ ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်းနေရာပြကွက်နှင့် ပြတိုက်ပတ်လမ်းအတိုင်းလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကန်၏ပုံသဏ္ဌာန်အမှန်ကို ပြန်လည်ဖော်ထုတ်လေ့လာ၍ နဂိုမူလပုံစံမပျက် ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်သို့လာရောက်လေ့လာသူများကိုလည်း စနစ်တကျစာရင်းသွင်းထားရှိရန်လိုပြီး ထူးခြားသည့်ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့်လာရောက်သူများအတွက် သင့်လျော်သည့်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ပြတိုက်ဝင်းအတွင်းရှိ ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်းနေရာပြကွက်ကို လိုက်လံကြည့်ရှုစဉ်။

❖ **အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လို၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လို၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်. . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အဦအတွင်းရှိ ဗိုလ်ချုပ်ရုံးခန်းထိန်းသိမ်းထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အဦအတွင်း လွှတ်တော်ခန်းမထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



လက်ဆောင်ပစ္စည်းများကို ပေးအပ်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ်ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အဦဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အဦတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ်၊ မေလမှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိနေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်း အားလပ်ချိန်တွင်စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့အား ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် သတ်မှတ်ချိန်များအတွင်း အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)**

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အဦသို့ရောက်ရှိကြပြီး အဆောက်အဦအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၁၅ သို့** ⭐



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing inspects Bogyoke Aung San Museum (Yangon), Ministers' Office (the Secretariat), and Yangon Region High Court





Senior General Min Aung Hlaing stresses the need to preserve and restore the historically significant buildings.

NAY PYI TAW August 4

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief of the National Defence and Security Council General Ye Win Oo and members of the entourage, and the Yangon Region Chief Minister and officials, inspected the displays and restoration of Bogyoke Aung San Museum (Yangon) in Bahan Township, Ministers' Office (the Secretariat) in Botahtaung Township, and Yangon Region High Court in Kyauktada Township, Yangon Region this morning.

**Bogyoke Aung San Museum (Yangon)**

The Senior General and party arrived at the Bogyoke Aung San Museum (Yangon) of the Ministry of Religious Affairs and Culture in Bahan Township and were conducted round the booths that displayed the General Aung San's car which was under repair, brief history of the museum, documentary photos and portraits, statue of General Aung San, photos and documentaries of his life as a child, a university student, a politician, a Tatmadaw leader, a national leader and a family man, personal items, his costumes or personal items shown in the parlour, special meeting room, bedroom and library, paintings, photos, furniture, books he read, books on his historical achievements published throughout the successive periods, by Union Minister for Religious Affairs and Culture U Tin Oo Lwin and officials.

Regarding the reports, the Senior General said General Aung San's car must be maintained with technicians for its sustainability. He then spoke of the need to further improve the resolution of the historical photos through modern methods, systematically install powerlines, ensure reader-friend-

See Page - 19 ■■



Senior General Min Aung Hlaing inspects the meeting room where General Aung San and Martyrs were assassinated.



Senior General Min Aung Hlaing cordially converses with officials during inspection of Yangon Region High Court.

■■ From Page - 18

liness of the excerpts of his historical speeches, clear undergrowth of the trees of either side of the road and keep the compound free from any garbage.

Afterward, the Senior General and party inspected the lake and the site where General Aung San cultivated edible crops along the ring road in the compound and restored the lake in accord with its original shape. He said visitors to the museum must be systematically recorded and the visitors who are recognized as significant ones such as 100th or 1000th visitors should be congratulated with appropriate gifts.

The former home of General Aung San, the architect of Myanmar's independence, was turned into a museum. The house built in 1921 is a European style building and mixture of western architectural designs. General Aung San lived with his family in the house from May 1945 till he was assassinated in July 1947. It showcases the parlour, dining room, bedroom, reading room, children's bedroom, special meeting room, prayer room, the plantation where he grew crops during his free time, the English made Wolseley car he used to ride and documentary photos.

**Ministers' Office (Secretariat)**

The Senior General and party visited the Ministers' Office (Secretariat) building in Botahtaung Township. They inspected the historical records, documentary evidence, and photographs displayed inside the building, as well as the maintenance of the hluttaw hall. Officials provided detailed explanations on the exhibits and preservation efforts.

Regarding the presentations, the Senior General emphasized the need to use modern technology to enhance the clarity and precision of the displayed historical photographs and documents. He also instructed that captions for photographs and artifacts should follow proper spelling and grammar for easy readability and understanding. Additionally, he stressed the importance of adhering to original designs in restoration work and addressed other necessary improvements.



Senior General Min Aung Hlaing observes the statue of General Aung San.

Later, the Senior General and party toured the Ministers' Office building, inspecting the General's Office and the meeting hall where the assassination of the General and national leaders was reenacted. They also examined the photo gallery displaying historical images and the exhibition hall featuring historical evidence. Officials provided further explanations on the preservation efforts.



Senior General Min Aung Hlaing views the documentaries of May Yu Naval Ship.

Following the briefing, the Senior General directed that the meeting hall should maintain its original arrangement, depicting the assassination scene of the General and national leaders, as well as the location where General Aung San held office. He also instructed that historical photographs should be labeled clearly and that additional archival photos should be compiled for display. Given the building's historical significance, he emphasized the need for continuous preservation in line with its original design. Furthermore, he suggested consulting veteran journalists and writers to ensure historical accuracy and instructed experts to conduct systematic research to address structural weaknesses in certain parts of the building.

**Yangon Region High Court**

Subsequently, the Senior General and his entourage visited the Yangon Region High Court building, inspecting the offices, library, courtrooms, and the High Court Museum. The Chief Justice of the Yangon Region High Court and officials accompanied them and provided explanations.

After the briefing, the Senior General noted that the Yangon Region High Court is a heritage building and should be preserved without altering its original structure. He highlighted that the building is an attraction for foreign tourists and thus requires long-term maintenance to ensure its durability. He also instructed that cleanliness and aesthetic improvements should be systematically carried out.

**100**

# Local authorities earmark cultivation of more than 120,000 acres of monsoon paddy

KALAY August 4

Statistics of Kalay Township Agriculture Department stated that local authorities have adopted a plan to grow more than 120,000 acres of monsoon paddy in Kalay Township of Sagaing Region this year.

During the 2025–2026 monsoon cropping season, it is planned to cultivate a total of 127,157 acres of monsoon paddy in Kalay Township. According to reports, the planting of these paddy fields will begin in June and continue through September of this year.

"The plan for this year's monsoon cropping season in Kalay Township is to cultivate over 120,000 acres of monsoon paddy. Efforts will be made to ensure the targeted acreage is fully cultivated. We will provide necessary technologies and high-quality paddy varieties for cultivation. Field-level support will also be provided to farmers so they can plant their paddy in a timely manner," said U Naing Tun Win, Head of the Kalay Township Department of Agriculture.

To ensure systematic and uninterrupted paddy cultivation during this year's monsoon cropping season, the relevant township agricultural department will collaborate closely with local farmers.

It is also reported that support will be provided to monsoon paddy farmers in Kalay Township, including technical agricultural training, pest prevention awareness, measures to prevent crop loss, and timely post-harvest storage of paddy under sheltered conditions.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kalay Township, staff from the township's Department of Agriculture will carry out field activities such as selecting quality and pure seed varieties, pest control, proper weeding and thinning of different species, removal of mixed varieties, and systematic use of fertilizers.

**SK**

# Putin-Zelensky meeting possible – Kremlin

MOSCOW August 4

Russian President Vladimir Putin will be open to a meeting with Ukraine's Vladimir Zelensky once all the necessary preparations have been completed by delegations from the two countries, Kremlin spokesman Dmitry Peskov said on Monday.

Zelensky has claimed that substantial negotiations with Russia are only possible if he and Putin are directly involved. Moscow maintains that Zelensky's legitimacy is in doubt and that a meeting must only come after a peace deal is broadly agreed by the two parties.

Peskov reiterated Moscow's stance during a regular press briefing, stressing that a Putin-Zelensky summit can only come "after the necessary work on the expert level is done, and sufficient distance is crossed."

Zelensky, whose presidential term expired last year, remains in power despite provisions in the Ukrainian Constitution which require the transfer of power to the speaker of parliament in such a scenario. The country's legislation forbids elections under martial law and offers emergency extensions of terms for elected lawmakers, but not the president.

Russia considers Zelensky's disputed status an internal Ukrainian matter, but has argued that the legality of any international treaty he signs could be challenged as a result.

The Ukrainian leader has claimed that Putin's failure to talk with him directly proves that Moscow does not seek peace, and that Kiev's foreign backers should therefore continue to supply weapons and ramp up sanctions against Russia.

Ukrainian diplomats have indicated that their government agreed to lower-level direct peace talks with Russia earlier this year – which Zelensky suspended in 2022 – to avoid the perception in the West that Kiev was an obstacle to a truce. Three rounds of negotiations have been held in Istanbul since May, leading to several prisoner swaps and the repatriation of the remains of thousands of Ukrainian soldiers recovered by Russian forces on the battlefield.

**RT**

# Suez Canal hopes to sign partnership agreement with Russia



CAIRO August 4

The Suez Canal hopes to sign a partnership agreement with Russia, Osama Rabie, the chairman and managing director of the canal, told Sputnik on Monday.

"At present, [Russia] does not have a partnership with the Suez Canal, there is a partnership with the Suez Canal economic zone in the east of Port Said. We hope for this [a partnership agreement]," Rabie stressed.

**Sputnik**

# Ten-day wildfire burns over 5,700 hectares in Portugal's national park



LISBON August 4

A wildfire in Portugal's Peneda-Geres National Park has burned 5,786 hectares of protected area, according to preliminary data released Monday by the Institute for Nature Conservation and Forests (ICNF).

The fire that broke out on July 26 in the municipality of Ponte da Barca has been under control since Sunday. It has scorched a total of 7,550 hectares, with 5,786 hectares within the national park, the ICNF said in its latest assessment.

Peneda-Geres National Park spans 69,596 hectares and covers parts of the districts of Braga, Viana do Castelo, and Vila Real.

According to the Lusa News Agency, Augusto Marinho, mayor of Ponte da Barca in Viana do Castelo District, said that nearly the entire portion of the park within his municipality was burned, with only a small portion left untouched. He estimated that more than 7,500 hectares inside the park had been affected.

The National Authority for Emergency and Civil Protection reported on its website that, as of Monday noon, 85 active wildfires remained active across Portugal. A total of 2,752 firefighters, 837 vehicles, and 20 aircraft were deployed to combat the blazes.

**Xinhua**

# Trump says U.S. nuclear submarines deployed to "where they have to be"

WASHINGTON August 4

U.S. President Donald Trump said Sunday that two nuclear submarines have arrived "where they have to be," two days after he ordered their deployment.

"I've already put out a statement, and the answer is, they are in the region ... where they have to be," Trump said.

Trump on Friday said on his Truth Social that he ordered two nuclear submarines "in the appropriate regions" following his spat with Dmitry Medvedev, former Russian president and deputy chair of the Security Council.

On July 28, Trump cut short the deadline for Moscow to end the conflict with Ukraine to "10 or 12 days" from the initial 50-day timeline, citing disappointment with "Moscow's lack of willingness to compromise."

Later that day, Medvedev said Trump is playing an "ultimatum game with Russia," calling his threat "a step towards war with his own country."

**Xinhua**

# Wildfire continues to rage across U.S. Grand Canyon National Park

LOS ANGELES August 4

Fueled by gusty winds and bone-dry timber, Arizona's Dragon Bravo Fire sweeping across the North Rim of the Grand Canyon National Park had grown to roughly 472 square km as of Sunday, according to the U.S. interagency website on wildfire.

The blaze, ignited by a July 4 lightning strike on the Walhalla Plateau inside the park, is only 12 percent contained as of Sunday despite the round-the-clock efforts of 1,214 firefighters supported by helicopters and large air tankers.

Over 900 people, 54 trail mules, and staff have been evacuated safely. Firefighters have been using graded forest roads, canyon walls and remnants of previous burns to contain the wildfire since mid-July.

Meteorologists expect monsoon moisture to drift over northern Arizona by mid-week, raising humidity and offering a chance of showers, the latest fire weather briefing said.

According to official records, the fire began as a smolder on July 4 before escalating dramatically over the following days. By July 10, authorities had evacuated 500 visitors as the threat intensified.

The situation became critical on July 12 when strong winds caused the fire to spread rapidly throughout the lodge district. The U.S. National Park Service confirmed the next day that the Grand Canyon Lodge, dating back to the 1920s, along with its stone dining room, dozens of pine-sided tourist cabins and several utility buildings, had been consumed in less than two hours.

By July 31, the fire had surpassed 400 square km, making it one of Arizona's ten largest wildfires in history. Officials caution that full containment could still be weeks away, depending on weather, fuel moisture and the fire's behavior.

**Xinhua**

# Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing inspects maintenance of Yangon-Mandalay Expressway






Senior General Min Aung Hlaing hears a report on Swar Creek Bridge project.

NAY PYI TAW August 4

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief of the National Defence and Security Council General Ye Win Oo, members of the entourage and officials, went by car from Yangon to Nay Pyi Taw along the expressway and inspected the damage of the road section caused by the earthquake this afternoon.

During the tour, the Senior General inspected the maintenance of the conduit at milepost 94 and gave necessary instructions on reports of officials.

Then, the Senior General and party arrived at the guesthouse of the Ministry of Construction and gave necessary instructions on planting evergreen trees on 200-foot road areas of both sides of the expressway, planting two or three rows of windbreakers 10-foot away from the expressway, planting trees in forest reserves in this rainy season, establishing small forests of about five to ten acres, taking action against illegal restaurants and other buildings constructed illegally in accordance with the Expressways Law, prevention of illegal road joining the expressway and construction of roads joining the expressway in accordance with the Expressways Law and rules and regulations, development of the project to upgrade the expressway into a four-lane road and other needs.

Then, the Senior General and party proceeded along the expressway and inspected the reconstruction of the Swar Creek Bridge before giving necessary instructions on systematic construction of the bridge, retaining walls of the creek, maintenance of the waterway and other needs.

The Senior General and party arrived back in Nay Pyi Taw in the evening.

**100**



Senior General Min Aung Hlaing inspects a drainage facility.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ညစ်ပေမှုမှန်သမျှကို အလိုအလျောက်သန့်ရှင်းရေးလုပ်ပေးမယ့်မှန်

မှန်တွေဆိုတာ အဆောက်အအုံတစ်လုံးရဲ့ အလှအပကိုဖော်ကျူးပေးသလို ညစ်ပေသွားပြီဆိုရင်လည်း အဲဒီအဆောက်အအုံရဲ့အလှအပကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။ ဒါကြောင့် မှန်တပ်ထားတဲ့အဆောက်အအုံတွေမှာဆိုရင် မှန်တွေအတွက်သန့်ရှင်းရေးကို တကူးတကအချိန်ပေးပြီးလုပ်ကြရတာပါ။ အဲဒီလိုသန့်ရှင်းရေးလုပ်ရတဲ့အတွက် ရေလည်းကုန်သလို ဓာတုပစ္စည်းတွေကိုလည်းအသုံးပြုရပါတယ်။ တစ်နည်းပြောရရင် မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ရှိလာတာပေါ့။

ဒါကြောင့် တရုတ်သိပ္ပံပညာရှင်များက ဘယ်လိုအရင်းအမြစ်မှမလိုအပ်ဘဲ အလိုအလျောက်သန့်ရှင်းရေးလုပ်ပေးနိုင်မယ့် မှန်အမျိုးအစားကို ဖန်တီးလိုက်ပါတယ်။ ဒီမှန်ကိုဖန်တီးလိုက်သူများက ကျဲကျန်းတက္ကသိုလ်မှပညာရှင်များဖြစ်ပါတယ်။ သူတို့ဖန်တီးလိုက်တဲ့မှန်က လျှပ်စစ်စက်ကွင်းတွေကိုအသုံးပြုထားတာဖြစ်ပြီး တခြားဓာတုပစ္စည်းတွေကိုအသုံးပြုထားခြင်းမျိုးမရှိပါဘူး။ ဒါဟာ လူအများစုရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာကြီးတစ်ရပ်ကို ရိုးရှင်းပြီးထိရောက်မှုရှိစွာဖြေရှင်းလိုက်နိုင်ခြင်းလည်းဖြစ်ပါတယ်။



သူတို့ရဲ့လက်တွေ့စမ်းသပ်မှုများမှာဆိုရင် လျှပ်စစ်ဓာတ်အားပေးထားတဲ့အမှုန်လေးများက တခြားသောလျှပ်စစ်စက်ကွင်းနဲ့တွေ့တဲ့အခါမှာ မမျှော်လင့်ထားတဲ့နည်းလမ်းများနဲ့ တုံ့ပြန်နိုင်တယ်ဆိုတာကိုတွေ့ရပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် လျှပ်စစ်ဓာတ်အားပေးထားတဲ့အမှုန်လေးများက ဘေးတိုက်သွားရမယ့်အစား ပြောင်းပြန်ဦးတည်ချက်အတိုင်းသွားတာကိုလည်းတွေ့ရပါတယ်။ ဒ့ါအပြင် မျက်နှာပြင်တစ်ခုလုံးပြည့်အောင် ခုန်ပြီးသွားတာကိုလည်းတွေ့ရပါတယ်။

ဒါကြောင့် တရုတ်သိပ္ပံပညာရှင်များက အထူးအားဖြင့် သုညဒသမ ၆၂ မီလီမီတာသာရှိတဲ့ ဖောက်ထွင်းမြင်မှန်တစ်မျိုးကိုဖန်တီးတီထွင်ပြီး အဲဒီထဲမှာလျှပ်စစ်စက်ကွင်းထည့်ကာ စမ်းသပ်ကြည့်တဲ့အခါ အဲဒီမှန်က သူ့အပေါ်မှာလာတင်တဲ့ အမှုန်အားလုံးကို ၉၈ ရာခိုင်နှုန်းအထိ ပြောင်စင်အောင်သန့်ရှင်းပေးနိုင်တယ်ဆိုတာ မြင်တွေ့လိုက်ရပါတယ်။

အခုဖန်တီးလိုက်တဲ့မှန်က သူ့အပေါ်မှာလာတင်နေတဲ့အမှုန်များကို ဖယ်ရှားပေးရုံသာမက နောက်ထပ်အမှုန်တွေထပ်မတင်အောင်လည်း တားဆီးကာကွယ်ပေးနိုင်ပါတယ်။ အကြောင်းရင်းကတော့ လျှပ်စစ်စက်ကွင်းကိုဖွင့်ထားတဲ့အခါ မှန်ဆီကိုပြေးဝင်လာတဲ့အမှုန်များက မှန်အနားကိုပင်မကပ်နိုင်ဘဲ လွင့်သွားရလို့ဖြစ်ပါတယ်။ ဒါကြောင့် အခုဖန်တီးလိုက်တဲ့မှန်ဟာ သန့်ရှင်းရေးလုပ်ဖို့အလွန်လိုအပ်လှတဲ့ဖန်သားပြင်တွေနေရာမှာ အစားထိုးနိုင်မယ့်မှန်တွေဖြစ်လာမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ပင်လယ်စင်ရော်ရဲ့ပုံစံကိုအတုယူပြီးဖန်တီးမယ့် မောင်းသူမဲ့လေယာဉ်



ပင်လယ်စင်ရော်တွေဆိုတာ တောင်ပံတစ်ချက်ဖြန့်လိုက်ရုံနဲ့ အလွန်ဝေးကွာတဲ့ခရီးရှည်ကြီးကို ပျံသန်းနိုင်သူတွေပါ။ ကမ္ဘာ့အကြီးဆုံးငှက်မျိုးစိတ်ဝင်တစ်မျိုးဖြစ်တဲ့ပင်လယ်စင်ရော်တွေရဲ့အတောင်ပံအလျားက ၁၁ ပေအထိရှိပါတယ်။ ဒါကြောင့်လည်း သူတို့တွေဟာ သမုဒ္ဒရာတွေကိုတောင်မှ ဖြတ်ကျော်ပျံသန်းမှုတွေလုပ်နိုင်တာပါ။ သူတို့ရဲ့စွမ်းဆောင်ရည်တစ်ခုက သူတို့အနေနဲ့ တောင်ပံတစ်ချက်မခတ်ဘဲနဲ့ ဝေးကွာလှတဲ့ခရီးကိုသွားနိုင်တာဖြစ်ပါတယ်။ ဒီအချက်က တကယ့်ကိုစိတ်ဝင်စားစရာပါပဲ။

အမေရိကန်နိုင်ငံမှသိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ ဆာမီအယ်ဆာဆိုသူဟာ ပင်လယ်စင်ရော်ရဲ့ပုံစံကိုအတုယူပြီး မောင်းသူမဲ့လေယာဉ်များဖန်တီးပေးဖို့အတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကနေ ရန်ပုံငွေအဖြစ် ဒေါ်လာခုနစ်သိန်းရရှိထားပါတယ်။ သူဖန်တီးပေးရမယ့်နည်းပညာကိုတော့ ဇီဝဗေဒဖြစ်တည်မှုနဲ့သဏ္ဌာန်တူအရာဝတ္ထုနည်းပညာလို့အမည်ပေးထားပါတယ်။

ပင်လယ်စင်ရော်တွေအနေနဲ့ အခုလောက်အထိ ဝေးကွာတဲ့ခရီးမိုင်တွေကိုကောင်းစွာပျံသန်းနိုင်ခြင်းဟာ ရွေ့လျားအားအသုံးပြုဝဲပျံခြင်းနည်းစနစ်ကိုသုံးထားလို့ဖြစ်ပါတယ်။ ပင်လယ်စင်ရော်တွေက ပထမဆုံးလေနဲ့အတူစီးမျောလိုက်ပါတယ်။ ရွက်လှေလိုမျိုးပေါ့။ အဲဒီကနေမှတစ်ဆင့် အမြင့်ကိုတက်နိုင်ကာ လျင်မြန်လှတဲ့ လေစီးကြောင်းထဲကိုဝင်ရောက်သွားခြင်းအားဖြင့် ပျံသန်းမှုကိုလုပ်ဆောင်တာဖြစ်ပါတယ်။ ဒါကြောင့် ပင်လယ်စင်ရော်များက တောင်ပံကိုတစ်ချက်မခတ်ရပါဘဲ လေထဲမှာအချိန်ကြာမြင့်စွာနေနိုင်နေတာပါ။

“ပင်လယ်စင်ရော်တွေက တကယ့်ကိုအံ့သြဖို့ကောင်းတဲ့ငှက်တွေခင်ဗျ။ သူတို့ကိုလေ့လာမှုအရပြောရမယ်ဆိုရင် သူတို့တစ်သက်တာမှာပျံသန်းတဲ့မိုင်ပေါင်းအရေအတွက်က ကမ္ဘာနဲ့လရဲ့ကြားမှာရှိတဲ့အကွာအဝေးရဲ့အဆ ၂၀ လောက်ကိုရှိတာပါ။ ကမ္ဘာ့အဆင့်မြင့်ကွန်ပျူတာတွေက အကောင်းဆုံးပျံသန်းမှုလမ်းကြောင်းကို အချိန်နဲ့တစ်ပြေးညီမထုတ်ပေးနိုင်သေးပေမယ့် ပင်လယ်စင်ရော်တွေကတော့ သူတို့ရဲ့နှာခေါင်းအကူအညီနဲ့ ပျံသန်းမှုလမ်းကြောင်းမှန်ကိုကောင်းစွာတွက်ချက်နိုင်ပါတယ်” လို့ ဆာမီအယ်ဆာကပြောပါတယ်။

ပင်လယ်စင်ရော်များက လေကိုစွမ်းအင်အဖြစ်အသုံးချသွားချိန်မှာ မောင်းသူမဲ့လေယာဉ်များကလည်း လေကိုအားသာချက်တစ်ခုအဖြစ် အသုံးချနိုင်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီလိုမျိုးအသုံးချနိုင်မယ်ဆိုရင် သာမန်မောင်းသူမဲ့လေယာဉ်များနဲ့နှိုင်းယှဉ်ပါက စွမ်းအင်အသုံးပြုမှုလည်း လွန်စွာနည်းပါးစေမှာပါ။ နောက်တစ်ချက်က အခုလေ့လာမှုအောင်မြင်သွားရင်လေကြောင်းအာကာသနည်းပညာကိုလည်း ပိုမိုတိုးတက်လာစေမှာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# တောင်ကိုရီးယားတပ်မတော်က မြောက်ကိုရီးယားနှင့်နယ်စပ်ရှိ ဝါဒဖြန့်အသံချဲ့စက်များကို စတင်ဖြုတ်သိမ်းနေ



**ဆိုး၊ ချစ်ကြည်ရေး**

တောင်ကိုရီးယားတပ်မတော်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့်နယ်စပ်ရှိ ဝါဒဖြန့်အသံချဲ့စက်များကို ဩဂုတ်လ ၄ ရက်တွင် စတင်ဖြုတ်သိမ်းနေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်ကိုကိုးကား၍ Yonhap သတင်းဌာနက ဖော်ပြထားသည်။ ကိုရီးယားကျွန်းဆွယ်၌တင်းမာမှုများပြေလျော့စေရေးအတွက် လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ဝါဒဖြန့်ထုတ်လွှင့်မှုများရပ်တန့်ရန် နှစ်နိုင်ငံစလုံးကသဘောတူပြီးနောက် အသံချဲ့စက်များကိုဖြုတ်သိမ်းလာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံက နှစ်နိုင်ငံနယ်စပ်၌ မြောက်ကိုရီးယားဘက်သို့လှည့်၍ အသံချဲ့စက်များ တပ်ဆင်ထားသည်မှာ ဆယ်စုနှစ်များစွာကြာမြင့်နေပြီဖြစ်ပြီး ယခုမှဖြုတ်သိမ်းခြင်းဖြစ်သည်။ ထို့ပြင် ယင်းလုပ်ရပ်သည် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်လက်ထက်၌ ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်မှုရှိသည့်လက္ခဏာများကိုမြင်တွေ့လာရခြင်းဖြစ်သည်။

ထို့အတူ ကိုရီးယားနှစ်နိုင်ငံကြားဆက်ဆံရေး ပြန်လည်တည်ဆောက်ပြီးပါက ပူးတွဲစီမံကိန်းများကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာစီမံကိန်းများကို ဦးစွာစတင်သွားရန် အစိုးရအဖွဲ့ကစီစဉ်ထားကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချုန်ဒုံးယောင်က ဩဂုတ်လ ၄ ရက်တွင် ပြောထားသည်ဟုသိရသည်။ **Ref: YH**

# ကျန်းမာရေးကိုလွှမ်းစွာခြိမ်းခြောက်နေသည့်အရာမှာ ပလတ်စတစ်ညစ်ညမ်းမှုဖြစ်လာ

**ပဲရစ်၊ ပတ်ဝန်းကျင်**



ကမ္ဘာ့နိုင်ငံများကို နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ထရီလီယံခွဲဆုံးရှုံးစေသည့် ပြည်သူများ၏ကျန်းမာရေးပြဿနာကို လွှမ်းစွာခြိမ်းခြောက်နေသောအရာသည် ပလတ်စတစ်ညစ်ညမ်းမှုဖြစ်လာကြောင်း ကျွမ်းကျင်သူများက ဩဂုတ်လ ၄ ရက်တွင်ထုတ်ပြန်သည့်စစ်တမ်းတစ်ခု၌ ဖော်ပြထားသည်။

ကမ္ဘာ့ပထမဆုံးဖြစ်လာမည့် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးရည်ရွယ်သည့်အစည်းအဝေးတစ်ခုကို ဂျီနီဗာမြို့၌မကျင်းပမီ ထိပ်တန်းကျန်းမာရေးပညာရှင်များ ပါဝင်သည့် သုတေသနအဖွဲ့က ယခုထုတ်ပြန်ချက်ကို ထုတ်ပြန်လာခြင်းဖြစ်သည်။

"ပလတ်စတစ်များက မွေးကင်းစသာရှိသေးတဲ့ကလေးငယ်များမှသည် သက်ကြီးရွယ်အိုများအထိ အရွယ်သုံးပါးမရွေးကို ရောဂါများဖြစ်စေသည်သာမက သေဆုံးမှုကိုပင်ဖြစ်စေတာဖြစ်ပါတယ်။ ဒီလိုမျိုး ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကျန်းမာရေးနဲ့ဆက်စပ်နေတဲ့ စီးပွားရေးဆုံးရှုံးမှုက နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ထရီလီယံခွဲရှိပါတယ်" ဟု The Lancet ဆေးပညာဂျာနယ်၌ဖော်ပြထားသည်။ ထို့ပြင် ပလတ်စတစ်ညစ်ညမ်းမှုကို ဥပဒေများ၊ မူဝါဒများ ချမှတ်ခြင်းဖြင့် လျှော့ချနိုင်စေမည်ဖြစ်ကြောင်း သုတေသနတွင်ဖော်ပြထားသည်။ **Ref: ST**

# ထရမ့်ကိုယ်စားလှယ်၏ခရီးစဉ်က အရေးကြီးမည်ဟု ရုရှားပြော

**မော်စကို၊ ဆက်ဆံရေး**

ယခုသီတင်းပတ်အကုန်ပိုင်းတွင်လာရောက်မည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ကိုယ်စားလှယ်ဖြစ်သော စတိဗ်ဝစ်ကော့၏ ရုရှားနိုင်ငံသို့ခရီးစဉ်သည် အရေးကြီးသည့်ခရီးစဉ်တစ်ခုဖြစ်မည်ဟု မျှော်လင့်ကြောင်း ရုရှားအစိုးရက ဩဂုတ်လ ၄ ရက်တွင်ပြောသည်။

စတိဗ်ဝစ်ကော့သည် ရုရှားနိုင်ငံသို့ကြိမ်ဖန်များစွာလာရောက်ပြီး ရုရှားသမ္မတနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ထားပြီးဖြစ်သည်။ ယခုလာရောက်မည့်ခရီးစဉ်တွင်လည်း ရုရှားသမ္မတဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးသွားမည်ဟု အိမ်ဖြူတော်ကထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ကြား ဖြစ်ပွားနေသည့်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ဘက်ပေါင်းစုံမှတွန်းအားပေးနေစဉ် ဝစ်ကော့က ရုရှားနိုင်ငံသို့လာရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ **Ref: BP**

## သတင်းတိုကဏ္ဍ

# OPEC+ က ရေနံတိုးမြှင့်ထုတ်လုပ်မှုကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းလာ

ရေနံတင်ပို့သည့်နိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများအဖွဲ့ (OPEC+)က စက်တင်ဘာလအတွက် ရေနံပမာဏကို တိုးမြှင့်ထုတ်လုပ်မည်ဖြစ်သောကြောင့်ဩဂုတ်လ ၄ ရက်တွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းလာကြောင်း သိရသည်။

ဂရင်းနစ်စံတော်ချိန် နံနက် ၈ နာရီ ၄၆ မိနစ်အချိန်ဈေးကွက်အရ ဘရန့်ရေနံစိမ်းသည် တစ်စည်လျှင် ဖ၈ ဒသမ ၈၂ ဒေါ်လာသို့လည်းကောင်း၊ WTI ရေနံစိမ်းက တစ်စည်လျှင် ၆၆ ဒသမ ၅၁ ဒေါ်လာသို့လည်းကောင်း ၁ ဒသမ ၂ ရာခိုင်နှုန်းစီ ကျဆင်းလာခြင်းဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်ဈေးကွက်ပိတ်ချိန်တွင်လည်း ထိုရေနံစိမ်း နှစ်မျိုးစလုံးသည် နှစ်ဒေါ်လာဝန်းကျင်ကျဆင်းသည့်ဈေးနှုန်းဖြင့်ဈေးကွက်ပိတ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလအတွင်း တစ်ရက်လျှင် ရေနံစိမ်းစည် ၅၄၇၀၀၀ တိုးမြှင့်ထုတ်လုပ်ရန် OPEC+ အဖွဲ့က ဩဂုတ်လ ၃ ရက်တွင် သဘောတူထားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: RTA**

# ဂျပန်နိုင်ငံ၌ အပူချိန်စံချိန်တင်သည့်နေ့ရာ ၁၇ နေရာအထိရှိလာ

ဂျပန်နိုင်ငံတစ်ဝန်း၌ ဩဂုတ်လ ၄ ရက်တွင် အပူချိန်စံချိန်တင်ဖြစ်ပွားသည့်နေရာ ၁၇ နေရာအထိရှိသည်ကို တွေ့ရကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ကိုမတ်ဆူမြို့တွင် နေ့အပူချိန်မှာ ၄၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်နှင့် တိုယာမာမြို့တွင် ၃၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ရှိရာ ထိုအပူချိန်များသည် မှတ်တမ်းတင်သည့်ကာလအတွင်း အမြင့်ဆုံးအပူချိန်များဖြစ်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ နောက်ထပ်မြို့ပေါင်း ၁၅ မြို့တွင်လည်း အပူချိန်သည် ၃၅ ဒသမ ၇ ဒီဂရီစင်တီဂရိတ်မှ ၃၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း၊ ထိုအပူချိန်များသည်လည်း သက်ဆိုင်ရာဒေသများတွင် အမြင့်ဆုံးအဖြစ်စံချိန်တင်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ **Ref: AGC**

# ဘိုးအင်းကုမ္ပဏီမှ အလုပ်သမား ၃၀၀၀ ကျော် မျှတသောစာချုပ်အတွက် ဆန္ဒပြတောင်းဆိုမှုပြုလုပ်

အမေရိကန်ပြည်ထောင်စု မစ်ဆူရီနှင့် အီလီနွိုက်ပြည်နယ်တို့ရှိ ဘိုးအင်းကုမ္ပဏီမှအလုပ်သမား ၃၀၀၀ ကျော်သည် ကုမ္ပဏီနှင့်မျှတသောစာချုပ်ရရှိရေးအတွက် ဆန္ဒပြတောင်းဆိုမှုပြုလုပ်လျက်ရှိကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာစက်ဆရာများနှင့် လေကြောင်းအာကာသအလုပ်သမားများအဖွဲ့ (IAM)မှအဖွဲ့ဝင်များသည် ဘိုးအင်းကုမ္ပဏီနှင့် အသစ်ပြင်ဆင်ချုပ်ဆိုရသည့် အလုပ်သမားသဘောတူညီချက်ကို ကန့်ကွက်ပြီးနောက်ဩဂုတ်လ ၄ ရက်တွင် ယခုကဲ့သို့ဆန္ဒပြမှုများလုပ်ဆောင်ခြင်းဖြစ်သည်။

သို့သော် ဘိုးအင်းကုမ္ပဏီဘက်ကမူ အလုပ်သမားများကို ပျမ်းမျှအားဖြင့်လုပ်ခလစာ ၄၀ ရာခိုင်နှုန်း တိုးမြှင့်ပေးထားသည့်အပြင် အလုပ်သမားများ၏အဓိကပြဿနာများကိုဖြေရှင်းပေးထားသည့် ထိုသဘောတူညီချက်ကိုကန့်ကွက်မှုနှင့် ပတ်သက်၍ စိတ်ပျက်ရကြောင်းထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: Xinhua**

# တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း၌ ရေကြီးမှုကြောင့် ပြည်သူထောင်ပေါင်းများစွာ ဘေးကင်းရာသို့ရွှေ့ပြောင်း

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားကာ ပြည်သူထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း တာဝန်ရှိသူများက ဩဂုတ်လ ၄ ရက်တွင်ထုတ်ပြန်ထားသည်။

ဩဂုတ်လ ၃ ရက်မှ ၄ ရက်နံနက်ပိုင်းအထိရွာသွန်းသည့်မိုးရေချိန်ပမာဏက ၅၀ မှ ၂၀၀ မီလီမီတာရှိသောကြောင့် ထိုဖြစ်စဉ်သည် နှစ်ပေါင်း ၂၀၀ အတွင်း တစ်ကြိမ်သာဖြစ်သည့် ဖြစ်စဉ်အဖြစ် သတ်မှတ်နိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားသည့်အတွက် ရေစီးနှင့် မျောပါသွားသူအမျိုးသားတစ်ဦး သေဆုံးကြောင်း၊ အမြန်လမ်းပေါ်၌ မတော်တဆမှုများ ဖြစ်ပွားခြင်းကြောင့် လူရှစ်ဦးဒဏ်ရာရရှိကြောင်းနှင့် ရေလွှမ်းမိုးမှုဒဏ်ခံရသူ ၂၅၅၉ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **Ref: YH**

# ကလောမြို့ဘူတာရုံအနီးရှိ ကလောချောင်း ယာယီမြေထိန်းနံရံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး



ကလော ဩဂုတ် ၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့ဘူတာအနီးရှိ ကလောချောင်း ယာယီမြေထိန်းနံရံဆောင်ရွက်နေမှု၊ အမှတ်(၄) ရပ်ကွက်ရှိ ကလောချောင်း လူကူးကွန်ကရစ်ခုံးကျော်တံတားတည်ဆောက်မည့်ပုံစံ၊ ကလောဘူတာဝင်း ခြံစည်းရိုး လုပ်ငန်းစတင်ဆောင်ရွက်နေမှုနှင့် တံတားတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောမြို့ Hill Top Villa Hotel ခန်းမ၌ ကျင်းပသည့် ရှရှားဘာသာစကားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ကလောမြို့ အမှတ်(၂) ရပ်ကွက်ရှိ ကလောချောင်းတိုးချဲ့တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သီခေါင်ကြိုးပြင်ကာကွယ်တောအကွက်အမှတ်(၃)တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ မိုးရာသီ ထင်းရှူးမြို့တော်စီမံချက်ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ၃၅ ဧကတွင် ထင်းရှူးပင် ၁၈၉၀၀ စိုက်ပျိုးထားရှိမှု၊ သီခေါင်ကြိုးပြင်ကာကွယ်တောဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ၇၆ ဒသမ ၁၁ ဧကတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းကြီး ၁၈၂၆၆ ပင်ကို Geo Asia Industry & Mining Co., Ltd. မှ စိုက်ပျိုးထားရှိမှုနှင့် ထင်းရှူးပင် ၇၈၀၀၊ ချယ်ရီပင် ၄၀၊ စိန်ပန်းနီ ၁၅ ပင်၊ စိန်ပန်းပြာ ၁၅ ပင်ကို ကမ္ဘောဇဘဏ် ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်မည့် စိုက်ခင်းနေရာတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ မြေဧရိယာ ၂ ဒသမ ၈၂၂ ဧကတွင် တိုက်နယ်ဆေးရုံအဆောက်အဦ RC နှစ်ထပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ရွှေညောင်တိုက်နယ်ဆေးရုံရှိ ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၄)သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၄

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၄)၏သင်တန်းဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ပါမောက္ခချုပ်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတက်ရောက်ရသည့် အခွင့်အရေးကို အလေးအနက်တန်ဖိုးထားပြီး တာဝန်ကျေပွန်စွာ စိတ်ရောကိုယ်ပါ ကြိုးစားလေ့ကျင့်သွားရန် လိုကြောင်း မှာကြားသည်။

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၄)သို့ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၁၁၉ ဦး၊ သင်တန်းသူ ၁၅၂ ဦး စုစုပေါင်း ၂၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ်လ ၄ ရက်မှ အောက်တိုဘာလ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၆°c / ၃၃°c |
| ရန်ကုန် | ၂၅°c / ၃၃°c |
| မန္တလေး | ၂၆°c / ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၄

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဌာနနှင့် သွေးစစ်ဌာနခာတ်ခွဲခန်းတို့အတွက် ငွေကျပ်သိန်း ၂၀၀ ခန့် တန်ဖိုးရှိဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများပေးအပ်လှူဒါန်းပွဲကို ယနေ့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌကိုယ်စား တရုတ်-မြန်မာချစ်ကြည်ရေးအသင်းခွဲ (မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်းနှင့်အဖွဲ့က ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းရာ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် လှူဒါန်းမှုတို့အတွက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

နေပြည်တော် ဩဂုတ် ၄


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီစောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေး အညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇူလိုင်လ ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်နှင့် အသင့်အတင့်အဆင့်၌ သုံးရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

(မိုး/ဇလ)

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် (အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။



(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ ဗိုလ်လုပွဲပြိုင်ပွဲများ အပြီးတွင် (အမျိုးသား/ အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားရာ (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ယနေ့နံနက်၉နာရီမှစတင်၍ (အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲများအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ (အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြပြီး အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲများကို ဩဂုတ်လ ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့၊ မဒေါက်မြို့၊ ရွှေကျင်မြို့နှင့် ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်း အမှတ်စဉ်(၂/ ၂၀၂၅-၂၀၂၆) သင်တန်းဖွင့်လှစ်ပို့ချ

ပဲခူး ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၌ ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်း အမှတ်စဉ် (၂/၂၀၂၅-၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာကဏ္ဍသို့ ကူးပြောင်းရေး နည်းလမ်းပေါင်းစုံဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့သင်ကြားရမည့် စာတွေ့လက်တွေ့ အသိပညာဗဟုသုတများဖြင့် လယ်ယာထုတ်ကုန် တိုးတက်မြင့်မားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ကြားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းထိန်လင်းက စက်မှုလယ်ယာသင်တန်းကျောင်း (ဘုရားကြီး)၏ သမိုင်းကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ သင်တန်းအတွင်း လက်တွေ့သင်ကြားပြသမည့် လယ်ယာသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်း အမှတ်စဉ် (၂/၂၀၂၅-၂၀၂၆)အား ဩဂုတ်လ ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှသင်တန်းသားများအား လက်သုံးကိရိယာ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထွန်စက်ကြီး၊ ထွန်ယက်ကိရိယာများ၏ အခြေခံသဘောတရားနှင့် ထွန်ယက်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# နယူးကာဆယ်အသင်းနှင့် ရာသီကြိုခြေစမ်းပွဲတွင် စပါးအသင်းကွင်းလယ်ကစားသမား မက်ဒီဆင် ပြင်းထန်သည့်ဒဏ်ရာရရှိ



လန်ဒန် ဩဂုတ် ၄

စပါးအသင်းနည်းပြ သောမတ်စ်ဖရန့်ခ်က နယူးကာဆယ်အသင်းနှင့် ရာသီကြိုခြေစမ်းပွဲတွင် အသင်း၏ကွင်းလယ်ကစားသမားမက်ဒီဆင်သည် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် နယူးကာဆယ်အသင်းနှင့်ခြေစမ်းပွဲ၌ ပွဲချိန် ၇၅ မိနစ်တွင် မက်ဒီဆင်ကို ထည့်သွင်းကစားစေခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်တွင် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့သောကြောင့် ၎င်းကို လူနာတင်ထမ်းစင်ဖြင့်ပါ သယ်ထုတ်ခဲ့ရသည်။

အဆိုပါခြေစမ်းပွဲတွင် စပါးအသင်းသည် ပွဲအစ လေးမိနစ်တွင် ဘရန်နန်ဂျွန်ဆင်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် နယူးကာဆယ်အသင်းကစားသမား ဟာဗေးဘန်းစ်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ တစ်ဂိုးစီသရေ ရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမား မက်ဒီဆင်သည် ယခုပွဲတွင် ပြီးခဲ့သည့်ဘောလုံးရာသီကရရှိခဲ့သည့် ဒူးဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး လာမည့်ဩဂုတ်လ ၁၆ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်နှင့် ယခုဘောလုံးရာသီသစ်၏ပွဲစဉ်များကိုပါ လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

စပါးအသင်းနည်းပြသောမတ်စ်ဖရန့်ခ်က "ဘောလုံးကစားသမားဘဝမှာ တစ်ခါတလေ ဆိုးရွားတာတွေဖြစ်ပွားတတ်ပါတယ်။ အခုအဖြစ်အပျက်ကို နယူးကာဆယ်အသင်းနဲ့ပွဲမှာ ဖြစ်သွားခဲ့တာပါ။ မက်ဒီဆင်ဒဏ်ရာက နည်းနည်းဆိုးရွားပုံရပါတယ်။ ပြီးခဲ့တဲ့နှစ်ကရခဲ့တဲ့ ဒူးဒဏ်ရာမျိုးဖြစ်ဖို့များပါတယ်" ဟု ပြောသည်။

စပါးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ်လ ၁၆ ရက်တွင် အိမ်ကွင်း၌ ဘန်လေအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ *Ref; Goal.com*

# တူကီယဲလ်ထိပ်သီးကလပ် ဘီဆစ်တပ်အသင်းက နည်းပြဆိုးလ်ရှားနှင့် လမ်းခွဲရန်ဆုံးဖြတ်

အန်ကာရာ ဩဂုတ် ၄

တူကီယဲလ်ထိပ်သီးကလပ်အသင်းတစ်သင်းဖြစ်သည့် ဘီဆစ်တပ်အသင်းသည် အသင်းနည်းပြဆိုးလ်ရှားနှင့်လမ်းခွဲရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘီဆစ်တပ်အသင်းအနေဖြင့် မန်ယူအသင်းနည်းပြဟောင်းဆိုးလ်ရှားကို ယခုနှစ် ဇန်နဝါရီလက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ခွဲစာချုပ်ချုပ်ဆိုခဲ့ကာ ပြိုင်ပွဲပြီးဆုံးချိန်တွင် အဆင့် (၄) နေရာရပ်တည်နိုင်စေရန် နည်းပြဆိုးလ်ရှားက စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့သော် ၎င်းသည် ယခုဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲကစားရာတွင် ယူကရိန်းကလပ် ရှက်တာဒိုးနက်စ်အသင်းကို အိမ်ကွင်း၌ ၄ ဂိုး - ၂ ဂိုး၊ အဝေးကွင်း၌ ၂ ဂိုး - ဂိုးမရှိဖြင့် နှစ်ကျော့ပေါင်းရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းကြောင့် ဘီဆစ်တပ်အသင်းတာဝန်ရှိသူများနှင့် နည်းပြဆိုးလ်ရှားတို့ကြား ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့သည်။

ထို့ကြောင့် ဘီဆစ်တပ်အသင်းတာဝန်ရှိသူများက နည်းပြဆိုးလ်ရှားနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိသတင်းများအရ ၎င်း၏နေရာ၌ ဒေါ့မွန်အသင်းနည်းပြဟောင်း နူရီဆာဟင်ကိုခန့်အပ်ရန် စီစဉ်နေကြောင်း သိရသည်။ *Ref; Fotmob*

# ဗီလာရီးယဲလ်အသင်းက အာဆင်နယ်အသင်းကစားသမားဟောင်း ဝါရင့်ကွင်းလယ်ကစားသမား ပါတေးကိုခေါ်ယူ

မက်ဒရစ် ဩဂုတ် ၄

စပိန်ကလပ်ဗီလာရီးယဲလ်အသင်းသည်အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး အသင်းလက်မဲ့ဖြစ်နေသူ ဝါရင့်ကွင်းလယ်ကစားသမား ပါတေးကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဗီလာရီးယဲလ်အသင်းသည် အသက် ၃၂ နှစ်အရွယ် ကွင်းလယ်ကစားသမားပါတေးကို နှစ်နှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး ယခုအခါ ၎င်း၏ဆေးစစ်မှုမှာလည်း အောင်မြင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် ပါတေးကို အက်သလက်တီကိုအသင်းထံမှ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ဇွန်လက စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် စာချုပ်သစ်အတွက် ကမ်းလှမ်းခဲ့သော်လည်း ပါတေးက လုပ်ခလစာတိုးမြှင့်တောင်းဆိုခဲ့ခြင်းကြောင့် ကမ်းလှမ်းမှုအဆင်မပြေဖြစ်ခဲ့ကာ အာဆင်နယ်အသင်းက လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါနာနိုင်ငံသား ကွင်းလယ်ကစားသမားပါတေးသည် စပိန်လာလီဂါကလပ်အသင်းများဖြစ်သော မာယော့ကာ၊ အယ်မာရီယာနှင့် အက်သလက်တီကိုအသင်းတို့၌ ကစားခဲ့ဖူးပြီး အက်သလက်တီကိုအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ယူရိုပါလိဂ်နှင့် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီး စပိန်လာလီဂါတွင် ခြေစွမ်းပြကစားခဲ့သည့် ဝါရင့်ကွင်းလယ်ကစားသမားဖြစ်သောကြောင့် ဗီလာရီးယဲလ်အသင်း၏ အကောင်းဆုံးခေါ်ယူနိုင်မှု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref; Fabrizio Romano*




# မန်ယူအသင်းကို နှစ် ၂၀ ကြာသည်အထိ တာဝန်ယူကိုင်တွယ်လိုကြောင်း နည်းပြအမိုရင်ပြောကြား

မန်ချက်စတာ ဩဂုတ် ၄

မန်ယူအသင်းနည်းပြအမိုရင်က အသင်းကို နှစ် ၂၀ ကြာသည်အထိ ဆက်လက်တာဝန်ယူကိုင်တွယ်လိုကြောင်း ဩဂုတ်လ ၄ ရက်တွင် အဲဗာတန်အသင်းနှင့်ကစားသည့် ခြေစမ်းပွဲမတိုင်မီ မီဒီယာများကို ပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြအမိုရင်သည် မန်ယူအသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက စတင်ကိုင်တွယ်ခဲ့ပြီး ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ကာ အဆိုပါစာချုပ်ထဲတွင် တစ်နှစ်ထပ်မံသက်တမ်းတိုးခွင့်သဘောတူညီမှုလည်း ပါဝင်သည်။

နည်းပြအမိုရင်က "ကျွန်တော် ဒီအသင်းမှာ နှစ် ၂၀ ကြာတဲ့အထိ ဆက်ရှိသွားချင်ပါတယ်။ ဒါက ကျွန်တော့်ရဲ့ရည်မှန်းချက်ဖြစ်သလို ယုံကြည်မှုလည်းရှိပါတယ်။ ဒါပေမဲ့ အသင်းရဲ့ရလဒ်ကပဲ ကျွန်တော်ဆက်ရှိနေခွင့်ရှိမယ်၊ မရှိဘူးဆိုတာကို ဆုံးဖြတ်ပေးလိမ့်မယ်လို့လည်း ကျွန်တော်သိထားပါတယ်။ ကျွန်တော့်စိတ်ကူးကတော့ မန်ယူအသင်းမှာ နှစ်တွေအများကြီးဆက်ရှိသွားဖို့ပါပဲ" ဟု ပြောသည်။

သို့သော် နည်းပြအမိုရင်အနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ရလဒ်ဆိုးများကြောင့် ယခုဘောလုံးရာသီမစတင်မီ ရာထူးမှ ထုတ်ပယ်ခံရနိုင်သည့် နည်းပြများစာရင်းတွင် ပါဝင်နေသော်လည်း အသင်းကစားသမားများ၏ထောက်ခံမှုကို အပြည့်အဝရရှိထားသူဖြစ်သည်။

နည်းပြအမိုရင်သည် နည်းပြဟောင်း တန်ဟတ်လက်ထက်ပြီးနောက် မန်ယူအသင်းကို ပထမဆုံးကိုင်တွယ်သည့်ဘောလုံးရာသီတွင် အမှတ်ပေးဇယားအဆင့်(၁၅)နေရာ၌သာ ရပ်တည်ခဲ့ကာ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ၁၉၇၃-၁၉၇၄ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံးရာသီမှတ်တမ်းဆိုးကိုရရှိခဲ့ကာ ၎င်းကိုင်တွယ်ခဲ့သည့်ရာသီအတွင်း ပြိုင်ပွဲစုံပွဲ ၂၀ အထိ ရှုံးနိမ့်ထားကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ဂန္ထဝင်နည်းပြကြီး ဖာဂူဆန် အနားယူပြီးနောက်ပိုင်း အသင်းကိုကိုင်တွယ်သည့်နည်းပြများတွင် သက်တမ်းသုံးနှစ်ထက် ပိုမိုကိုင်တွယ်ခွင့်ရရှိသူမရှိသေးကြောင်း သိရသည်။

*Ref; Goal.com*

# ရွှေတောင်မြို့၌ စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်း



ရွှေတောင် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်က ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ရွှေတောင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ ရွှေတောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် ရွှေတောင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က သင်တန်းသူများအား သင်တန်းမှထွက်ရှိလာသော ကုန်ချောပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး ချုပ်လုပ်နည်းကို တစ်လကြာ စာတွေ့လက်တွေ့သင်ကြားခဲ့ပြီး သင်တန်းမှ အမှန်တကယ်ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းဖိုးနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေး ဆောင်ရွက်လျက်ရှိ

တံတားဦး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးရေးအတွက် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ်တွင် မြို့နယ်အတွင်း မိုးစပါးဧက ၁၄၅၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် ပေါင်းမြက်ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တောင်သူများအား မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သဘာဝမြေဩဇာများကို အချိုးကျထည့်သွင်းအသုံးပြုရေး၊ ရေသွင်းရေထုတ်မှန်ကန်ရေး၊ ကုန်ကျစရိတ်သက်သာပြီး မျိုးကောင်းမျိုးသန့်ရရှိရေး၊ အရည်အသွေးပြည့်မီသော စပါးများရရှိရေးနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးပြီး အလေအလွင့်မရှိစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

# မြိတ်မြို့၌ ပင်လယ်ငါးသယံဇာတစီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



မြိတ် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းကဏ္ဍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ပင်လယ်ငါးသယံဇာတစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၃ ရက်က မြိတ်မြို့ရှိ မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ငါးလုပ်ငန်းကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် သဘာဝမှ ဖမ်းဆီးခြင်း၊ မွေးမြူခြင်းနှင့် ပြုပြင်ထုတ်လုပ်တင်ပို့ရောင်းချခြင်းတို့ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းက ရေလုပ်ငန်းရှင်များသည် မိမိတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်၊ လိုအပ်သည့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဒေသအတွင်း ရေလုပ်ငန်းနှင့်ပတ်သက်သည့် အသိပညာရှင်များ ပိုမိုပေါ်ထွန်းလာပြီး လူသားအရင်းအမြစ်များ ပိုမိုများပြားလာစေရန်အတွက် သုတေသနရန်ပုံငွေထည့်ဝင်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပပြီး စာတမ်းရှင် ၁၄ ဦးက ပင်လယ်ငါးသယံဇာတစီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြကာ ဆွေးနွေးပွဲသို့ စီးပွားရေးရာဝန်ကြီးနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်မှ ပါမောက္ခများနှင့် ဖိတ်ကြားထားသော ပညာရှင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့် မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ်လ ၄ ရက်တွင် ကျောက်ဆည်မြို့ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက ပလတ်စတစ်သည် မြို့ပြ၏သန့်ရှင်းသာယာလှပမှု၊ မြေထု၊ ရေထုနှင့် လေထုကိုညစ်ညမ်းစေပြီး ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်ရေးဆောင်ရွက်ကြစို့ ဆောင်ပုဒ်နှင့်အညီ အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား အမှိုက်ခွဲခြားစွန့်ပစ်ရန် အရောင်ခွဲခြား၍ သတ်မှတ်ထားသည့် အမှိုက်ပုံးအမျိုးအစားများ၊ ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး**












မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော
ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။၀၅၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

**(၄-၈-၂၀၂၅) ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–363 /SF – 7251 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဩဂုတ်လ ၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းပွန်တံတားပူးပေါင်းလုံခြုံရေးဂိတ်၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၃၇၄၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Faw Van Box Truck (၁)စီး၊Toyota Probox (၁)စီး၊ Scania Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၃၃၇၄၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် **ဩဂုတ်လ ၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery (၁၂၀)လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၃၆)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဩဂုတ်လ ၃ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၇၅၈၇၄၈၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ** သိရသည်။

မြဝတီ

# မင်္ဂလာတောင်ညွန့်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်းတွင် စောင့်ဆိုင်းနေစဉ် ဂျိုးဖြူလမ်းရှိကားဂိတ်မှ ပါဆယ်ပစ္စည်းထုတ်ယူပြီး ထွက်လာသူ အောင်သူရဟိဏ်းကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး (Happy Water) ၂ ဒသမ ၀၀၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၇၀၃ ဒသမ ၁၅ သိန်း)နှင့် ကတ်တမင်း သုည ဒသမ ၀၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀) ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သတင်းအရ ရွှေပြည်သာမြို့နယ်၊ (၁) ရပ်ကွက်၊ စိုက်ခင်းပတ်လမ်းရှိ မကြည်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀(တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း)နှင့် မြန်မာငွေကျပ် ၃ သိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီခွဲတွင် အင်းစိန်မြို့နယ်၊ ကမ်းနား(အနောက်ရပ်ကွက်)၊ ဓနသိဒ္ဓိလမ်းပေါ်တွင် ကောင်းဆက်မော်(ခ)ပြောင်ကြီးကို စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀) ဆက်လက်ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **မြဝတီ**


တရားခံ မကြည်မြင့်နှင့် ကောင်းဆက်မော်(ခ)ပြောင်ကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။


**ပျောက်ဆုံးကြောင်း**
ညိုညိုသန်း(ဘ)ဦးကျားဘသိန်း ၁၀/ကထန(နိုင်)၁၂၇၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၄၇၇၈၁၃

**ပျောက်ဆုံးကြောင်း**
ဝင်းဇော်(ဘ)ဦးကျော်ဝင်း ၁၂/တတန(နိုင်)၁၁၃၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၈၈၃၀

**ပျောက်ဆုံးကြောင်း**
သော်တာချမ်းမြေ့(ဘ)ဦးစန်းလွင် ၁၂/လကန(နိုင်)၂၆၈၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၇၂၇၃၉၀

**ပျောက်ဆုံးကြောင်း**
ကျော်ဆန်းဝင်း(ဘ)ဦးစိန်ဝင်း ၈/ရစက(နိုင်)၁၇၄၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 827125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၂၇၈၄၇၀

**ပျောက်ဆုံးကြောင်း**
မာမာဌေး(ဘ)ဦးဘခင်၅/မရန(နိုင်)၂၀၇၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 558339)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဌေး(ဘ)ဦးမြင့်ဌေး ၅/ဆလက(နိုင်)၁၃၃၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 931628)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ဇော်လင်း(ဘ)ဦးအောင်ခိုင်မြင့် ၁၄/ဒဒရ(နိုင်)၁၅၅၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၄၄၄၆၆၆

**ပျောက်ဆုံးကြောင်း**
မြတ်လင်းအောင်(ဘ)ဦးထွန်းလွင် ၇/ပခန(နိုင်)၃၁၂၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည် |
|---|---|---|
| ၁ | ၂၃၆/မမ/CE | (1"x 1 1/2")အရွယ် (စက်ခွဲ)လမ်းခင်းကျောက်(၄၆၇)ကျင်းနှင့် ကျောက်မှုန့်(၅၅၀)ကျင်းအား မုပ္ပလင်ဘူတာအရောက် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၈-၈-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၄-၈-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**
မမီကိုဇင်(ဘ)ဦးသိန်းထိုက် ၉/အမရ(နိုင်)၁၉၂၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 600418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မနှင်းယုယုလွင်(ဘ)ဦးကျော်ကျော်လွင် ၁၀/ခဆန(နိုင်)၁၅၁၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၂၂၀၀၀၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
အ.ထ.က(၁၁)၊တောင်ကြီးမြို့မှအထက်တန်းပြဆရာမ အဘ ဦးသန်းငွေ၏သမီး ဒေါ်နှင်းရည်စိုး ၁၃/တကန(နိုင်)၁၅၂၇၉၉ နှင့် ဒေါ်နှင်းရီစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်နှင်းရည်စိုး(ခ)ဒေါ်နှင်းရီစိုး**

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ဖူလုံ အ.ထ.က Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးသူရဆွေ၏သမီးမအိမ့်ဖုန်းဖြူ၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မအိမ့်ဘုန်းဖြူဖြစ်ပါကြောင်း။ **မအိမ့်ဘုန်းဖြူ**

**ပျောက်ဆုံးကြောင်း**
ခင်မောင်တင့်(ဘ)ဦးအောင်ငြိမ်း ၅/ကလထ(နိုင်)၀၀၃၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၇၈၃၇၇၀

**ပျောက်ဆုံးကြောင်း**
မောင်ဝင်းမြတ်(ဘ)ဦးကံထူး ၁၂/ဒဂရ(နိုင်)၀၃၃၀၆၈ ကိုင်ဆောင်သူ၏ All in One စာအုပ် ERP-11090 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝေယံဖြိုး(ဘ)ဦးအောင်ကျော်ဦး ၇/ပခန(နိုင်)၄၄၅၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝသန်ဦး(ဘ)ဦးစိန်ဟန် ၁၂/ကမန(နိုင်)၀၇၄၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 365421)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးအောင်ထူး ၁၀/သထန(နိုင်)၁၃၈၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ဇိုးကိုကို(ဘ)ဦးတိုး ၁၂/တမန(နိုင်)၁၀၉၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လားရွတ်ပွိုးယီး(ဘ)ဦးဗန်လားဆန်း ၅/ကလထ(နိုင်)၂၈၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်လင်းနိုင်(ဘ)ဦးအေးထွန်း ၇/ပခန(နိုင်)၂၉၈၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဆုမြတ်လှိုင်(ဘ)ဦးဝင်းလှိုင် ၁၄/လပတ(နိုင်)၃၃၁၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 906194)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကေကေတင်(ဘ)ဦးကံမြင့် ၁၂/အစန(နိုင်)၁၈၉၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၈၇၇၉၂

**ပျောက်ဆုံးကြောင်း**
မောင်မောင်သွင်(ဘ)ဦးသန်းလှိုင် ၈/မသန(နိုင်)၀၈၁၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၆၁၃၅၇၈

**ပျောက်ဆုံးကြောင်း**
သိန်းစန္ဒာအောင်(ဘ)ဦးသန်းထွန်း ၉/မခန(နိုင်)၂၇၇၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 110355)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၅၅၂၄၁၇

**ပျောက်ဆုံးကြောင်း**
ဆုမြတ်ပွင့်(ဘ)ဦးရောဘတ်နန်း ၁၂/ကမရ(နိုင်)၀၆၆၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၀၀၃၅၅၇

**ပျောက်ဆုံးကြောင်း**
သက်ထူးအောင်(ဘ)ဦးမြင့်စိုး ၁၂/ကမရ(နိုင်)၀၅၄၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 631846)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၈၃၄၈၀၃

**ပျောက်ဆုံးကြောင်း**
အေးအေးလွင်(ဘ)ဦးမင်းလွင် ၁၃/လရန(နိုင်)၀၉၃၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၀၀၇၅၀၀

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥဩချစ်ပင်မြို့၊ ရွှေပင်ရပ်ကွက်၊ စန္ဒာမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်နေ အဘ ဦးကျော်မြ၏သမီး ဒေါ်သန်းရင်၏အမည်အား ဒေါ်ရီရီပို ၇/ပတန(နိုင်)၀၃၁၉၂၉ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဒေါ်ရီရီပို**

**ပျောက်ဆုံးကြောင်း**
နမ့်သက်သက်ဝေ(ဘ)ဦးအေးရွှေ၁၄/ကကန(နိုင်)၁၇၁၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဗန်လားလ်တလှဲ(ဘ)ဦးဗန်မားလ်ဆောမ် ၅/ကလထ(နိုင်)၂၅၂၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မောင်လုဝင်း(ဘ)ဦးရင်ဖေ ၆/ပလန(နိုင်)၀၆၂၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 329106)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ကျော်(ဘ)ဦးဝင်းငြိမ်း ၈/မသန(နိုင်)၀၇၀၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၂၅၃၆၃၂

**ပျောက်ဆုံးကြောင်း**
စိန်မြင့်(ဘ)ဦးကျော်ခိုင် ၁၃/နဆန(နိုင်)၀၇၄၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်သူအောင်(ဘ)ဦးမောင်မောင်မြင့် ၁၂/ကတတ(နိုင်)၀၂၉၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၃၂၀၂၈၈

**ပျောက်ဆုံးကြောင်း**
အရှင်ပညာဝံသ(ဘ)ဦးထွန်းအံ့ ၁/ဗမန(သ)၀၀၀၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၁၀၇၄၀၀

**ပျောက်ဆုံးကြောင်း**
အေးအေးခိုင်(ဘ)ဦးတင်လှ ၁၂/သဃက(နိုင်)၀၀၁၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၂၂၃၄

**ပျောက်ဆုံးကြောင်း**
ဝင်းကြူ(ဘ)ဦးအေးကြူ ၁၂/သကတ(နိုင်)၀၅၁၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၉၅၀၆၁၄

**ပျောက်ဆုံးကြောင်း**
ဝင်းဝင်းစိုး(ဘ)ဦးစောမောင်လှ ၁၂/တကန(နိုင်)၁၆၅၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၆၇၂၆၇၂

**ပျောက်ဆုံးကြောင်း**
မြတ်ငွေး(ဘ)ဦးတင်ဖေ ၁၄/မအန(နိုင်)၁၀၁၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၀၅၁၆၆၈

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်ဝင်း(ဘ)ဦးအောင်ဖေ ၁၂/တမန(နိုင်)၀၂၃၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၈၉၄၃၇၀

**ပျောက်ဆုံးကြောင်း**
မေစိုးထက်(ဘ)ဦးဝင်း ၅/မမန(နိုင်)၀၈၇၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၇၃၃၉၅

**ပျောက်ဆုံးကြောင်း**
မင်းနိုင်(ဘ)ဦးလှလေးမြင့် ၉/ကပတ(နိုင်)၃၁၇၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၀၉၇၁၇၈

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၉၇)၊ ရွှေဘုန်းပွင့်ဘုရားလမ်းနေ ဒေါ်ကြည်ကြည်ထွေး(ဘ)ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၂၀၀၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၃၄၃၀၇

**ပျောက်ဆုံးကြောင်း**
ကန့်ပလက်လက်မြို့နေ မရှူသရှင်းချိုင်(ဘ)ဦးချိုင်မနား ၄/ကပလ(နိုင်)၀၂၀၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျောက်မျက်ကျေးရွာနေ မောင်ရဲရင့်ဝင်း(ဘ)ဦးစိုးလင်းထိုက် ၅/ဆလက(နိုင်)၁၁၉၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၉၅၉၆၇

**ပျောက်ဆုံးကြောင်း**
ကန့်ပလက်လက်မြို့နေ မနှင်းနှင်းခိုင်(ဘ)ဦးချိုမနား ၄/ကပလ(နိုင်)၀၁၉၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရွှေပြည်သာမြို့၊ အုပ်ဖိုကျေးရွာအုပ်စု၊ ဘုံရေကုန်းကျေးရွာ၊ ဘုရင့်နောင်လမ်းနေ သင်းသဇင်ဦး(ဘ)ဦးနိုင်လင်းအောင် ၇/သနပ(နိုင်)၁၇၉၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၀၁၅၄၆၅

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ(၂)လမ်းနေ မကျူးမေ(ဘ)ဦးရှောက်ချင် ၁၃/ဟပတ(နိုင်)၀၁၂၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၈၄၀၄၂

**ပျောက်ဆုံးကြောင်း**
ဝေါမြို့နယ်နေ သီသီ(ဘ)ဦးဘို ၇/ဝမန(နိုင်)၀၀၆၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 424764) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၂၆၆၅၃

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နေ ဒေါ်အေးခမ်း(ဘ)ဦးအေးခွေ ၁/ဝမန(နိုင်)၀၉၀၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၂၆၆၅၃

**ပျောက်ဆုံးကြောင်း**
ဖြိုးမောင်မောင်(ဘ)ဦးသောင်းငွေ ၁၄/မအပ(နိုင်)၂၅၅၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၂၈၇၈၃

**ပျောက်ဆုံးကြောင်း**
အိအိဖြိုး(ဘ)ဦးခင်ဇော်ဦး ၁၂/ရပသ(နိုင်)၀၅၃၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၂၁၁၀၆

**ကြော်ငြာစာ**
**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂**

ကွယ်လွန်သူ ဒေါ်ရဆူဘီ၊ ဒေါ်ဘီဘီတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု
မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ ကွင်းအမည်-အောက်ကျင်း၊ ဦးပိုင်အမှတ်(၃၀)၊ မြေအမျိုးအစား-မြို့မြေ၊ မြေအကျယ်ဧရိယာ(၀.၁၃၃)ဧကေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ရဆူဘီ၊ ဒေါ်ဘီဘီတို့၏ ကျန်ရစ်သောပစ္စည်းအား ရောင်းချနိုင်ရန်အတွက် ရောင်းချမိန့်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဟာနီဖာက အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လကွယ်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ရဆူဘီနှင့် ဒေါ်ဘီဘီတို့၏ ကျန်ရစ်သောပစ္စည်းများကို အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လကွယ်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမိန့်တစ်စုံတစ်ရာမချမှတ်မီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဟာနီဖာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

**DE YANG INTERNATIONAL TRADE LOGISTIC CO.,LTD.**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr.Tsai, Ming-Yen မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN | Tsai, Ming-Yen |
| ADVOCATE (SR. NO. 4644) | Managing Director |
| LIQUIDATOR | De Yang International Trade |
| MAIP MEMBERSHIP NO.00173 | Logistic Co.,Ltd. |

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းနိုင်(ဘ)ဦးကွမ်းဆင် ၁၃/ကလထ(နိုင်)၀၄၈၀၂၄ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်လတ်(ဘ)ဦးဘာဘူလေး ၁၂/သကတ(နိုင်)၁၉၄၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၅၀၂၇၇၇

**ပျောက်ဆုံးကြောင်း**
စိုးလွင်(ဘ)ဂျဘား(ခ)ဦးသန်းအောင် ၁၂/သကတ(နိုင်)၁၃၉၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၂၉၀၀၆၉

**ပျောက်ဆုံးကြောင်း**
ဖြိုးသစ္စာ(ဘ)ဦးဖြိုးမောင်မောင် ၁၂/တကန(နိုင်)၂၆၈၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၀၁၉၅၄၄

**ပျောက်ဆုံးကြောင်း**
တိုးတိုး(ဘ)ဦးအောင်သောင်း ၉/မခန(နိုင်)၁၉၂၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၄၆၃၆၀၀

**ပျောက်ဆုံးကြောင်း**
သန်းရီ(ဘ)ဦးငမဲဒေါင် ၁၁/မပန(နိုင်)၁၂၁၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၃၃၃၅၆၄

**ပျောက်ဆုံးကြောင်း**
အေးအေးနွယ်(ဘ)ဦးဖြူမောင် ၁၂/မဂဒ(နိုင်)၂၂၉၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၁၅၄၂၄

**ပျောက်ဆုံးကြောင်း**
တမူးမြို့နယ်၊ ဟဲဇင်းရွာ၊ ဟဲဇင်းအုပ်စုနေ ဆွေဆွေအောင်(ဘ)ဦးချစ်ဆွေ ၅/တမန(နိုင်)၀၇၅၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၇၅၇၁၂၄

**ပျောက်ဆုံးကြောင်း**
မောင်ထွန်းဝေယံအောင်(ဘ)ဦးထွန်းဝေ ၁၂/သလန(နိုင်)၁၅၄၉၁၂ ကိုင်ဆောင်သူ၏ CDC-118843 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၁၄၃၉၁၅

**ပျောက်ဆုံးကြောင်း**
ကေသီ(ဘ)ဦးမောင်မောင် ၉/ရမသ(နိုင်)၀၀၅၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၉၇၈၄၆၃

**ပျောက်ဆုံးကြောင်း**
စိုးမင်းထွန်း(ဘ)ဦးအဘူဘာကာ ၇/ကပက(နိုင်)၀၇၉၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၇၄၃၈၉

**ပျောက်ဆုံးကြောင်း**
လှမြင့်(ဘ)ဦးကဲ ၁၂/ဥကမ(နိုင်)၁၂၉၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၀၁၂၉၆

**ပျောက်ဆုံးကြောင်း**
ဝင်းမိုးမိုးအေး(ဘ)ဦးခင်အောင် ၁၀/မဒန(နိုင်)၁၅၇၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၈၉၅၆၃၄

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကရင်များသည် နန်းတော်အတွင်း၌ စတည်းချကြ၍ မြို့တွင်း၌မူ အလံဖြူနီများ အုပ်ချုပ်ကြသည်ဆိုသောကြောင့် မန္တလေးမြို့သူ မြို့သားတို့၏ ဆိုးရွားသောအဖြစ်မျိုးမှ လွတ်ကင်းချမ်းသာရကြသဖြင့် ကံကောင်းလှပေသည်။ ဝင်ခါစ ညများ၌ ဘယ်ဆီက ဘာလက်နက်များနှင့် ပစ်သည်မသိ၊ မီးလုံး (အမြောက်ဆန်လော၊ မော်တာဆန်လော) များတက်လာ၍ ကျွန်ုပ်တို့၏ အိမ်မိုးပေါ်သို့ ဖြတ်ကျော်သွားခြင်းကို တွေ့ရသဖြင့် ဖုံးကျင်းတူးသူများတူးကြ၏။ တစ်ခါတစ်ရံတွင် ဖုံးကျင်းထဲသို့ဆင်း၍ ပုန်းအောင်းကြရသော အလှည့်များလည်းရှိ၏ . . ."

**ယမန်နေ့မှအဆက်**

ဤတွင် ကျွန်ုပ်သည် တစ်သက်တာအတွင်း တစ်ခါမျှမရေးဖူးသည့် ခေါင်းကြီးမျိုး တစ်ပုဒ်ကို ရေးလိုက်ရ၏။ ကျွန်ုပ်ရေးခဲ့သမျှသော ခေါင်းကြီးများမှာ အကြောင်းအရာတစ်ခုတွင် မခံချင်သောစိတ်ထားနှင့် ရေးမိသည်ချည်းဖြစ်၏။ ဤတစ်ကြိမ်၌မူ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်လိုသောရည်ရွယ်ချက်ဖြင့် မြန်မာတိုင်းရင်းသားအချင်းချင်းဖြစ်ကြသော မြန်မာနှင့် ကရင်ဆိုသည်မှာ ညီအစ်ကိုအရင်း ခေါင်းနင်းဆင်းပမာ ဖြစ်ခဲ့ကြသည့်အလျောက် တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်မှားမှုများရှိသည့်အခါတွင် ဒေါသအလျောက် မပြုကြမူ၍ တိုင်တိုင်ပင်ပင်ဆွေးဆွေးနွေးနွေး မေတ္တာတရားရှေ့ထားကာ ပြုမူကြမည်ဆိုပါက မပြေလည်နိုင်သော ပြဿနာဟူ၍ ရှိမည်မဟုတ်ကြောင်း စသည်များဖြင့် ဖျောင်းဖျရေးသားလိုက်လေ၏။ အကယ်တန္တုကရင်များဝင်လာ၍ (ဝင်ဖို့ကလည်း သေချာသလောက်ဖြစ်နေသည်။) လူထုသတင်းစာအပေါ်၌ မျက်မုန်းကျိုးမှု၊ အာဃာတထားမှုဖြင့် အပြစ်ရှာခဲ့သော် ဤခေါင်းကြီးကို အထောက်အထားလုပ်၍ ရှင်းလင်းတင်ပြရန်ပင် ဖြစ်လေသည်။ သတင်းစာခေါင်းကြီးအနေဖြင့် ကိုယ့်အတွက်ငဲ့၍ ရေးသားခြင်းမှာ သတင်းစာဆရာတစ်သက်တာတွင် ဤတစ်ကြိမ်မျှသာ ကြုံခဲ့ရဖူးပါသည်။

**သောင်းကျန်းသူများ ဝင်လာခြင်း**

မန္တလေးမြို့သူ မြို့သားများသည် ပြင်ဦးလွင်မှ ကရင်များ ဆင်းလာသည်ဟု ကြားကတည်းက ထိတ်လန့်တုန်လှုပ်ကြရ၍ နှစ်ရက်သုံးရက်မျှ ကျိုးလန့်စာစားနေကြရပြီးနောက် ကရင်များ ဝင်လာကြလေပြီ။ သို့သော် ကရင်များသည် နန်းတော်အတွင်း၌ စတည်းချကြ၍ မြို့တွင်း၌မူ အလံဖြူနီများ အုပ်ချုပ်ကြသည်ဆိုသောကြောင့် မန္တလေးမြို့သူ မြို့သားတို့၏ ဆိုးရွားသောအဖြစ်မျိုးမှ လွတ်ကင်းချမ်းသာရကြသဖြင့် ကံကောင်းလှပေသည်။ ဝင်ခါစညများ၌ ဘယ်ဆီက ဘာလက်နက်များနှင့် ပစ်သည်မသိ၊ မီးလုံး (အမြောက်ဆန်လော၊ မော်တာဆန်လော) များ တက်လာ၍ ကျွန်ုပ်တို့၏ အိမ်မိုးပေါ်သို့ ဖြတ်ကျော်သွားခြင်းကို တွေ့ရသဖြင့် ဖုံးကျင်းတူးသူများ တူးကြ၏။ တစ်ခါတစ်ရံတွင် ဖုံးကျင်းထဲသို့ဆင်း၍ ပုန်းအောင်းကြရသော အလှည့်များလည်းရှိ၏။ ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်ဖုံးများကိုပင် မပုန်းခဲ့သော ကျွန်ုပ်မှာမူ ၁၅ မိနစ်ခန့်လောက်တွင်မှ တစ်ချက်လောက်ပစ်သော ဤအသံမျှလောက်ကို မဖြုံဘဲ လှေကားရင်းမှ ထိုင်၍ကြည့်နေခဲ့သည်။ (ရဲသည်ဟု ကြွားလိုသောကြောင့်မဟုတ်။ အရမ်းကြောက်တတ်သော လူများတွက်ချက်တတ်စေရန် ဖြစ်သည်။) ကရင်ဝင်ပြီးနောက် တစ်ရက်နှစ်ရက်အကြာတွင် မြန်မာအစိုးရက လေယာဉ်ပျံဖြင့် ဖုံးတစ်လုံးကြဲချခြင်းကို တွေ့ရ၍ ဝမ်းနည်းမိသည်။ ဤအပြုအမူသည် အပြည်ပြည်မှ အစိုးရတို့ပြုမူကြသော ခံစစ်ပရိယာယ်ဖြစ်လေသလော မပြောတတ်။ ကျွန်ုပ်၏ အမြင်အရ အလွန်မှားသောအပြုအမူဖြစ်သည်ဟု ထင်မိသည်။ မန္တလေးမြို့တွင်းသို့ သောင်းကျန်းသူများ ဝင်လျက်ရှိ၍ (ပြည်ပရန်သူပင် ဖြစ်စေဦးတော့။) မြို့သူမြို့သား ၁၀၀ တွင်မှ ရန်သူတစ်ယောက်လောက်သာ ရှိမည်ဖြစ်သောကြောင့် မြို့ပေါ်သို့ ကောင်းကင်မှ ဖုံးများကြဲချသောအလုပ်သည် သေစရာရှိလျှင် မြို့သူမြို့သားများ သေကြရမည်ဖြစ်သဖြင့် ကိုလိုနီနယ်ချဲ့သမားများ၏စစ်တိုက်နည်းဖြစ်၍ ကိုယ့်မင်းကိုယ့်ချင်းအစိုးရများက အတုခိုး နည်းယူထိုက်သည် မထင်ပေ။ မြန်မာအစိုးရသည် ကောင်းကင်မှ လေယာဉ်ပျံနှင့်ဖုံးကြဲချခြင်းအလုပ်ကို တစ်ကြိမ်မျှသာ စမ်းကြည့်ခြင်းကိုတွေ့ရ၍ မိမိတို့၏အမှားကို မြင်ကြဟန်ရှိပေသည်။ သူပုန်များ ဝင်နေကြသည့်အချိန်တွင် ကျွန်ုပ်တို့၏ လူထုသတင်းစာတိုက်ကို ပိတ်ထားရသည်။

**ဒိုင်းနမိုက်ခွဲခြင်း**

၁၉၄၉ ခုနှစ် ဧပြီလ ၂၄ ရက်တွင် မြန်မာ့တပ်မတော်က မန္တလေးမြို့ကို ပြန်လည်သိမ်းပိုက်ရာတွင် ဂုံတန်ဆေးရိုးဝင်းအတွင်းရှိ လူထုသတင်းစာတိုက်ကို ဒိုင်းနမိုက်ဖြင့် ဖြိုခွဲလိုက်၏။ လူထုသတင်းစာအလုပ်တိုက်မှာ ယခုကဲ့သို့ လက်ဆည်ကန် (ဗိုလ်ချုပ်လမ်းကြီး)ပေါ်၌ မဟုတ်သေးဘဲ ဆေးရိုးဝင်းအတွင်း ဝါးတဲကြီးနှင့် ရှိသေး၏။ ကျွန်ုပ်သည် ထိုအချိန်တွင် ၎င်းဝါးတဲကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော အုတ်တိုက်ဟောင်းကြီးတစ်ခုတွင် အိပ်ရာပေါ်၌ စာဖတ်လျက်ရှိရာ ဒိုင်းနမိုက်ကိရိယာများနှင့် တဲကြီးထဲသို့ဝင်သွားသော စစ်သားများကို မြင်လိုက်ရ၏။ တိုက်အိုကြီးထဲတွင် ကျွန်ုပ်တို့အရပ်ထဲမှ စုပေါင်းခိုအောင်း၍ နေကြသောလူများသည် တိုက်ထဲမှ ထွက်ပြေးကြလေရာ ကျွန်ုပ်ကမူ ဒိုင်းနမိုက်ခွဲသော်လည်း ကျွန်ုပ်အဖို့ အန္တရာယ်မရှိနိုင်ဆိုကာ စာဖတ်မြဲတိုင်း ဖတ်နေ၏။ တစ်ခဏမျှကြာသော် ပြင်းထန်လှသော ပေါက်ကွဲသံကြီးဖြစ်ပေါ်လာ၍ အမှိုက်သရိုက်နှင့်ဖုန်များသည် ဖွင့်ထားသော အပေါက်မှ ပက်လက်လှန်လျက် စာဖတ်နေသော ကျွန်ုပ်ထံသို့ ဝုန်းခနဲဝင်လာသည်နှင့် ဝေါက်ခနဲထထိုင်လိုက်ရာ တိုက်အိုကြီး၏နံရံများသည် ဆင်နားရွက်ခတ်သည့်နှယ် လှုပ်ခါနေခြင်းကို မြင်လိုက်ရသည်။

ဤတွင် ထ၍ပြေးရမည်လောဟု အကြံဖြစ်သော်လည်း ဒိုင်းနမိုက်တစ်လုံးခွဲလျှင် လဲပြိုပျက်စီးမည့် တဲကြီးဖြစ်၍ နောက်ထပ်ခွဲဖို့လိုမည်မထင်ဟု ဆုံးဖြတ်ပြီး ထ၍မပြေးဘဲ တဲကြီးဘက်သို့ တိုက်ပေါက်မှ လှမ်းကြည့်လိုက်၏။ လေဟာပြင်တစ်ခုလုံးကား မီးခိုးနှင့်မြူမှုန်များဖြင့် မှောင်မည်းလျက်ရှိခြင်းကို တွေ့ရ၏။ မီးတောက်များ မတွေ့ရသောကြောင့် ထွက်ပြေးဖို့မလိုဟု ဆုံးဖြတ်လိုက်သည်။

**ဦးလှလိုက်ခဲ့ပါတဲ့**

ဖုန်နှင့်မီးခိုးများလွင့်စဉ်သွား၍ ကောင်းစွာမြင်နိုင်လောက်သောအခါ ကျွန်ုပ်သည် ခုတင်ပေါ်မှထလာ၍ လူထုသတင်းစာ ပုံနှိပ်တိုက်ဖြစ်ခဲ့သောတဲကြီးကို လှမ်းကြည့်လိုက်ရာတွင် အမိုးအကာများမရှိတော့ဘဲ ပျက်စီးယိုယွင်းလျက်ရှိသော ဝါးအဆောက်အအုံပျက်ကြီးကို တွေ့ရ၏။ ထိုအတောအတွင်း လူထုသတင်းစာတိုက်ပိုင်ရှင်များနေထိုင်သော ဗိုလ်ချုပ်လမ်းဆီမှ ကျွက်စီကျွက်စီကြားရ၍ လူများစုရုံးလျက်ရှိခြင်းကို မြင်ရသည်တွင် ၎င်းလမ်းဘက်သို့ ထွက်လာခဲ့သည်။ ယခု မြန်မာစက္ကူဆိုင်ဖြစ်နေသော တိုက်ခန်းရှေ့၌ ဂျစ်ကားတစ်စီးဆိုက်ထား၍ စစ်သားသုံးလေးယောက်ကိုလည်း မြင်ရ၏။ တိုက်ခန်းတွင်းသို့ လှမ်းကြည့်လိုက်သောအခါ မအမာနှင့်ကလေးများအပြင် မောင်လှ၏ခါးကို ဆွဲထားသည့် (မအမာ၏ညီမ) မတင်တင်တို့ကို မြင်ရ၏။ မတင်တင်က "မထည့်နိုင်ဘူးရှင်၊ ကိုကိုလှကိုတော့ မထည့်နိုင်ဘူးရှင်" ဟု ပြောလျက်ရှိသဖြင့် ကျွန်ုပ်စုံစမ်းကြည့်ရာ နန်းတော်ထဲ၌ရှိသော ဗိုလ်မှူးကျင်က လူထုဦးလှကို တွေ့ချင်၍ အခေါ်ခိုင်းခြင်းဖြစ်ကြောင်း သိရလေသည်။ စစ်သားများကလည်း မလိုက်ဘဲ မဖြစ်ကြောင်း ပြောလျက်ရှိ၍ ကားပေါ်သို့ တက်ခိုင်း၏။ ငြင်းဆန်၍ မဖြစ်နိုင်ကြောင်း သိကြသောအခါ မတင်တင်နှင့် မအမာတို့သည် ဘေးအန္တရာယ်ရှိသည်ထင်ကြသော လူထုဦးလှအတွက် အဖော်ရစေရန်ဆို၍ ၎င်းတို့၏မိဘများကို ထည့်ဖို့သတိမရကြဘဲ ကျွန်ုပ်အား လိုက်သွားဖို့တိုက်တွန်းကြလေသည်။ ထိုအခါ ကျွန်ုပ်သည် ခါး၌ဝတ်ထားသည့် စွပ်ကျယ်အင်္ကျီလေးနှင့်ပင် ကားပေါ်သို့ တက်လိုက်သွားရာ လူထုဦးလှ၏ ဝဖြိုးဝိုင်းစက်သောမျက်နှာမှာ ပူရီမုန့်ထက် ကြီးတော့သည်မထင်ပါ။

**ဗိုလ်မှူးကျင်နှင့်တွေ့ခြင်း**

လမ်းခရီး၌ ကျွန်ုပ်သည် စစ်တပ်နှင့်ပတ်သက်၍ အငြိအစွန်းရှိသည့်အရေးအသားမျိုး ရေးခဲ့မိဖူးသလောဟု စဉ်းစားကြည့်ရာ ကရင်များဝင်လာမည်ဆိုစဉ်က စစ်တပ်သည် ကျွန်ုပ်တို့ မြို့သူမြို့သားများအား အကာအကွယ်မပေးဘဲ ပေယျာလကန်ပစ်ထားခဲ့သည်ဟု ရေးခဲ့ဖူးခြင်းကို သတိရ၏။ ဤတွင် ကျွန်ုပ် ကျောစိမ့်သွားခြင်းကို ဝန်ခံရပေမည်။ ဗိုလ်မှူးကျင်သည် လူထုဦးလှအား ထမင်းစားဖိတ်၍ ကျွန်ုပ်က အဖော်လိုက်ရခြင်းမဟုတ်။ လူထုတိုက်ကို ဒိုင်းနမိုက်ခွဲပြီး ချက်ချင်းအခေါ်ခိုင်းခြင်းဖြစ်သဖြင့် မကျေနပ်ချက်ရှိရမည်ဖြစ်ရာ အထက်ပါမှတ်ချက်ကို ရေးခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်ရမည်ဟု ကျွန်ုပ်တွေးမိသောကြောင့် ဖြစ်ပါသည်။ မှတ်ချက်ရေးသော အယ်ဒီတာသည်လည်း ကျွန်ုပ်ပင်ဖြစ်၍ ကျွန်ုပ် ကျောစိမ့်သည်ဆိုခြင်းမှာ ကြောက်တတ်လှသည်ဟု စွပ်စွဲသင့်သည်မထင်ပါ။ နန်းတော်ထဲသို့ရောက်၍ ဗိုလ်မှူးကျင်၏ ရှေ့သို့ခေါ်သွားကြရာတွင် ကျွန်ုပ်သည် ဗိုလ်မှူးကျင်၏ မျက်နှာကို အကဲခတ်လိုက်သောအခါ ရွှင်ရွှင်ပျပျကြီးမဟုတ်သော်လည်း မျက်နှာထားဆိုးကြီးမျိုးမဟုတ်ခြင်းကို တွေ့ရ၍ ကိစ္စမရှိတန်ရာဟု ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ရသည်။ ဗိုလ်မှူးကျင်သည် ကျွန်ုပ်တို့အား နေရာထိုင်ခင်းပေး၍ ကုလားထိုင်များပေါ်၌ ထိုင်လျက်ရှိကြစဉ် စစ်ဗိုလ်လေးများသည် အနီးတွင် ဝိုင်းရံကာ ရပ်လျက်ရှိကြ၏။ စစ်ဗိုလ်များအနက်တွင် မျက်နှာသိတစ်ယောက်ပါ၏။ ထိုသူမှာ မေဂျာဘဖြူဖြစ်လေရာ သူသည် မြတောင်ရွာသားတစ်ယောက်ဖြစ်၍ ဇနီးမစိုးနှင့် ဆွေနီးမျိုးစပ်တော်လေသေးသည်။ သူ့ကိုမြင်ရ၍ ကျွန်ုပ်က ပြုံးရယ်လိုက်သည်တွင် သူသည် ကျွန်ုပ်မျှော်လင့်သကဲ့သို့ ပြုံးပြုံးရွှင်ရွှင်မလုပ်ဘဲ မဆိုစလောက်မျှ သွားကလေးဖော်ပြလိုက်ခြင်းကို တွေ့ရသဖြင့် ဤအမှုကား မသေးလှဟု ကျွန်ုပ် အကဲခတ်မိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြောင်းမြမြို့၌ မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှု စံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မြောင်းမြ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်(ပထမပတ်)အဖြစ် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုစံပြမိခင်ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၄ ရက်တွင် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာဇော်မင်းသိုက်က မိခင်နို့၏အာနိသင်၊ အကျိုးကျေးဇူးများနှင့် မိခင်နို့တိုက်ကျွေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းကျော်သူအောင်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မိခင်နို့တိုက်ကျွေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စံပြမိခင်ပြိုင်ပွဲ၌ ဆုရရှိကြသော မိခင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးငယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ကလေးငယ်များအား ဗီတာမင်-A ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး**

❖ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ်ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆွာချောင်းတံတားပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် အမြန်လမ်းမကြီးရှိ ဆောက်လုပ်ရေးရိပ်သာသို့ ခေတ္တရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ်ပယ ၂၀၀ အတွင်း

**စာမျက်နှာ ၁၅ ကော်လံ ၁ ➲**

**ဆောင်းပါး**

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

စာ - ၁၃ သို့

**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ**

စာ - ၅ သို့

E-sports **ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု** Yangon Galacticos **အသင်း ချန်ပီယံဆုဆွတ်ခူး**

စာ - ၁၁ သို့

**၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ရွှေတံဆိပ်ဆုဆွတ်ခူးရရှိ**

စာ - ၂၅ သို့

